သမဏာနဥ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၂၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၆၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

တောင်သူများစိုက်ပျိုးနိုင်သည့်မြေများတွင် တိုးချဲ့စိုက်ပျိုး၍သီးထပ်စိုက်ပျိုးရေး အားသွန်ကြိုးပမ်း ဌာနဆိုင်ရာများ ကျေးလက်ဒေသအထိကွင်းဆင်း၍ ဒေသဖွံ့ဖြိုးရေး ပီပီစီးစီးလုပ်ဆောင် သူတာကိုယ်တာမခွဲခြားဘဲ စုပေါင်းဦးဆောင်၊စုပေါင်းတာဝန်ယူ၊စုပေါင်းအကောင်အထည်ဖော်

ရန်ကုန် ဇွန် ၂၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာကြရာ မကွေးတိုင်း မကွေးမြို့သို့ နံနက် ၈ နာရီခွဲ တွင် ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❒





အစုအဖွဲ့ကိုယ်စားပြုစာတမ်းများ ပထမအဆင့်အောင်မြင်စွာဆောင်ရွက်နိုင် စုံညီအစည်းအဝေးတင်ပြနိုင်ရန် မကြာမီစုံညီအစည်းအဝေးကျင်းပမည်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇွန် ၂၀ ရက်က မကွေးမြို့ မကွေးဆေးတက္ကသိုလ်၌ တည်ဆောက်နေသော စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၁

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁၃/၂၀၀၇)ကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ ✻

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇွန်လ ၂၂ ရက်)

နိုင်ငံတော်နှင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် နိုင်ငံ့တာဝန်ယူချိန်မှစ၍ ပြည်ထောင်စုတစ်ဝန်းလုံး၌ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လွှမ်းခြုံလာစေရန် ပထမဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ရရှိစေရန်လည်း ကြိုးစားဆောင်ရွက်ခဲ့သည်။

ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု ရရှိလာသည်နှင့်အမျှ တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်နယ်၊ တိုင်း နယ်မြေဒေသအားလုံး မျှမျှတတဖွံ့ဖြိုးတိုးတက်လာရေး ဆက်လက်အလေးပေးဆောင်ရွက်ခဲ့သည်။

ထို့ပြင် နယ်စပ်ဒေသ နယ်စွန်နယ်ဖျားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး အထူးစီမံကိန်း ချမှတ်အကောင်အထည်ဖော်ခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကိုလည်းကောင်း၊ဖွံ့ဖြိုးရေးဒေသကြီး၂၄ခုကိုသတ်မှတ်၍ ဖွံ့ဖြိုးရေးဒေသဆိုင်ရာ စီမံကိန်းများကိုလည်းကောင်း ဆက်စပ်အကောင်အထည်ဖော် နိုင်ခြင်းတို့ကြောင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးသည် ယခင်ကနှင့်မတူဘဲ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

နယ်စွန်နယ်ဖျား ဒေသများရှိ မြို့များသည်ပင် မြို့ကြီးပြကြီးများကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ခေတ်မီစိုက်ခင်းကြီးများနှင့် မွေးမြူရေးခြံများလည်း ဖြစ်ထွန်းလျက် ရှိနေပြီဖြစ်သည်။

ယခုအခါ တည်ငြိမ်အေးချမ်းမှု၏အရသာ၊ဖွံ့ဖြိုးတိုးတက်မှု၏အသီးအပွင့်များကို ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူများ ကိုယ်တွေ့မျက်မြင် ရရှိခံစားနေကြရပြီဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ဇွန်လ ၁၈ရက်နေ့ နံနက်ပိုင်းက ဖရူဆိုမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌-

မိမိနှင့်အဖွဲ့ဝင်များ ကယားပြည်နယ် လွိုင်ကော်မြို့သို့ ယနေ့ရောက်ရှိပြီးနောက် ဖရူဆိုမြို့သို့ ပထမဆုံးရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်းရှိ အခြားမြို့နယ်များသို့ မိမိတို့ဆက်လက် သွားရောက်မှာဖြစ်ကြောင်း၊ ဤကဲ့သို့ ကယားပြည်နယ်အတွင်း လှည့်လည် သွားလာရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအရှိန်အဟုန် ရရှိစေရန် ဖြည့်ဆည်းပေးသင့်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန်ဖြစ်ကြောင်း

ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်က အခြားပြည်နယ်နှင့် တိုင်းများနည်းတူ ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးအခြေခံ၊ ပညာရေးအခြေခံ၊ ကျန်းမာရေးအခြေခံ၊ လမ်းပန်းဆက်သွယ်ရေးအခြေခံ စသည့်အခြေခံကောင်းများကို တည်ဆောက်ပေးပြီးဖြစ်သည်။

ကယားပြည်နယ်သည်လည်း ယခင်ကနှင့်မတူဘဲ သိသာစွာဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်ရာ ဆက်လက်၍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ကယားပြည်နယ်အတွင်း၌ စိုက်ပျိုးခြင်း မပြုနိုင်သေးသည့် မြေလွတ်မြေရိုင်းအများအပြား ရှိနေသေးသည်။ ယင်းမြေသယံဇာတများကို ထိထိရောက်ရောက် အပြည့်အဝအသုံးပြုကြပြီး လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု ပိုမိုတိုးတက်စေရေး လုပ်ကိုင်ဆောင်ရွက်သွားနိုင်ရန် လိုအပ်သည်။

ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကျရာဒေသကို မိမိရပ်ရွာဒေသကဲ့သို့ သဘောထား၍ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းသွားကြရမည် ဖြစ်သကဲ့သို့ ဒေသခံပြည်သူများ၏ လေးစားချစ်ခင်မှု၊ ယုံကြည်အားထားမှုရရှိသည့် ဝန်ထမ်းများဖြစ်လာအောင် ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်က အခိုင်အမာတည်ဆောက်ပေးပြီးဖြစ်သည့် အခြေခံကောင်းများကို ထိထိရောက်ရောက် အသုံးချ၍ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၂-၆-၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)မြန်မာစာ
(မြန်မာစာအထူးပြု)
(ခ)ရာမယကန် လူ့သဘာဝ အဖွဲ့များ
၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဥဏ်ကျယ်လေး"** (အပိုင်း-၃၄)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် သားဆိုး သားမိုက်"** (အပိုင်း-၂)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မလေးရှားနိုင်ငံ Binariang Satellite Systemsမှအကြံပေးပုဂ္ဂိုလ်တွေ့ဆုံ

ရန်ကုန် ဇွန် ၂၁

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မလေးရှားနိုင်ငံ Binariang Satellite Systems Advisor, Mr. Dato Ainuddin Noordin သည် မေ ၂၀ရက် ညနေ ၃နာရီခွဲက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ပြန်ကြားရေး ဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဗိုလ်မှူးရဲတင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဇွန်၁၆ရက်က မြန်မာ အမျိုးသမီး စီးပွားရေးစွမ်း ဆောင် ရှင်များ အ သင်း၏ အသင်းဝင်များက သန်လျင်မြို့နယ် ကရင်ဆိပ် စံပြကျေးရွာအလယ်တန်းကျောင်း(ခွဲ)တွင် အထက်တန်းနှင့်အလယ်တန်းကျောင်းများတွင် ပညာ သင်ကြား လျက် ရှိသော ကျောင်း

သား ကျောင်းသူ ခြောက်ဦးအတွက် လိုအပ်လျက်ရှိသည့် ပညာသင်ထောက်ပံ့ကြေးငွေ ကျပ်၁၂၀၀၀၀အား ရွှေနန်းတော် ရတနာရွှေဆိုင်မှ ဒေါက်တာအောင်ကျော်ဝင်းနှင့်ဇနီး ဒေါက်တာသက်သက်ခိုင်ကလည်းကောင်း၊ အထက်တန်း ကျောင်းသူ တစ်ဦးအတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၆၃၀၀၀ အား KSS Co., Ltd. မှ ဦးထွန်းမြင့်နှင့်ဇနီး ဒေါ်အေးအေးညွန့်ကလည်းကောင်း၊ အသင်းမှအသင်းဝင်များစုပေါင်း၍ မူလတန်းကျောင်းအတွက် ထိုင်ခုံအလုံး၆၅လုံးနှင့် အောင်မင်္ဂလာကျောင်းဆရာတော်ဘဒ္ဒန္တမဏ္ဍလသို့ အလှူငွေကျပ်တစ်သိန်းအားလည်းကောင်း၊ ကျောင်းဝတ်စုံများကို ထွန်းနေနွယ် ကွန်ပျူတာစာစီ၊ မိတ္တူလုပ်ငန်းပိုင်ရှင် ဦးသန်းလှိုင်နှင့်ဇနီး ဒေါ်မြင့်မြင့်အေးကလည်းကောင်း ပေးအပ်လှူဒါန်းသည့် အလှူငွေနှင့်ပစ္စည်းများကို အလှူရှင်များ၏ကိုယ်စား မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အတွင်းရေးမှူး ဒေါ်လှဝတီက ပေးအပ်စဉ်။ (က-ပ)

✱ ရှေ့ဖုံးမှ

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂)ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

စုံညီအစည်းအဝေးကျင်းပမည်

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယခုအခါ ညီလာခံကိုယ်စားလှယ်များက အစုအဖွဲ့များအလိုက် စာတမ်းများ တင်ပြဆွေးနွေးခြင်း၊ အစုအဖွဲ့ ကိုယ်စားပြုစာတမ်းများ ပြုစုဖတ်ကြား တင်ပြသည့် ပထမအဆင့်ကို အောင်အောင်မြင်မြင် ဖြတ်သန်းဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ယင်းကဲ့သို့ အစုအဖွဲ့အလိုက် တင်ပြသည့် စာတမ်းများကို စုံညီအစည်းအဝေးသို့ တင်ပြနိုင်ရန်အတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ဖတ်ရှုလေ့လာလျက်ရှိရာ မကြာမီအချိန်အတွင်း စုံညီအစည်းအဝေးကို ကျင်းပနိုင်တော့မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အလှူငွေပေးအပ်ပွဲတွင် ရခိုင်ပြည်နယ်၌ လေပြင်းတိုက်ခတ်မှုအတွက် ညီလာခံကိုယ်စားလှယ်များက အလှူငွေပေးလှူလိုကြောင်း ဆန္ဒပြုချက်အရ အလှူငွေပေးအပ်ခြင်းနှင့် အမျိုးသားညီလာခံကိုဂုဏ်ပြုသောအားဖြင့် အလှူရှင်များက အဆက်မပြတ် အားတက်သရော အလှူငွေများပါဝင်လှူဒါန်းနေကြသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံအစုအဖွဲ့ ရှစ်ဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များ၏ အကြံပြုစာတမ်းများ တင်သွင်းပြီးစီးမှု အခြေအနေနှင့် စာတမ်းများအား ဖတ်ရှုပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိသော ကိုယ်စားလှယ်များအား ကျန်းမာရေးစောင့်ရှောက်မှုစီစဉ်ပေးနေမှု၊ ဆေးရုံတွင်တက်ရောက်ပြီး ဆေးဝါးကုသမှုခံယူနေကြသော ကိုယ်စားလှယ်များ၏ ကျန်းမာရေးတိုးတက်မှုအခြေအနေနှင့် ကိုယ်စားလှယ်များ၏ အိပ်ဆောင်များအား လိုအပ်သလို ပြုပြင်ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာတမ်းများတင်သွင်းမှုတင်ပြ

ဆက်လက်၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၊ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တို့မှ အထောက်အကူပြု အဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက မိမိတို့နှင့်သက်ဆိုင်ရာ အစုအဖွဲ့များအလိုက် အကြံပြုစာတမ်းများ တင်သွင်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အကြံပြု ဆွေးနွေးတင်ပြကြသည်။

ဖြည့်ဆည်းပေး

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၃/၂၀၀၄)ကို နံနက် ၁၁နာရီ ၄၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် ရွှေဝါဝင်းအငြိမ့်ဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် ဇွန် ၂၁

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဇွန် ၂၀ရက် ည၇နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ရွှေဝါဝင်းအငြိမ့်ဖြင့် ဖျော်ဖြေတင်ဆက်ရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။ (အပေါ်ပုံ)

ရန်ကုန်တိုင်းစစ်ဌာနချုပ် ရွှေဝါဝင်းအငြိမ့်ဖြင့် ဖျော်ဖြေတင်ဆက်ရာသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မရှင်ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဖျော်ဖြေတင်ဆက်ရာတွင် ခေါင်းဆောင်မင်းသမီးအေးအေးမော်က "မြန်မာ"၊ "မေတ္တာပေးဝေခြင်း"၊ "ဖွံ့ဖြိုးဝေစည် တိုင်းရွှေပြည်"နှင့် "ညှိနှိုင်းဆွေးနွေးကြမည်" သီချင်းတို့ဖြင့်လည်းကောင်း၊ ရှေ့ထွက်မင်းသမီး ရွှေရည်ဝင်းက "ပြည်မြန်မာ"၊ "ပြည်သူ့ရင်သွေး"၊ "ပါးမှာနံ့သာ၊ ခါးမှာပဝါ"နှင့် "ဂုဏ်ပြုလိုက်ပါသည်"၊ "မြတ်သောမြန်မာ" သီချင်းတို့ဖြင့်လည်းကောင်း၊ ဆိုင်းပညာရှင် ကျော်စိုးဟန်(ခ) မြင့်ဆန်းကျော် ဦးဆောင်သော ဗဟိုမီးသတ် ဆိုင်းအဖွဲ့နှင့်တွဲဖက်၍ လူရွှင်တော်များဖြစ်ကြသော မန်းကျော်၊ စံမိုး၊ ဓာတ်လင်း၊ စူပါ၊ ရာဇာစံလင်းတို့နှင့်အတူ သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ဖျော်ဖြေတင်ဆက်ကြသည့် ရွှေဝါဝင်းအငြိမ့်အဖွဲ့မှ အနုပညာရှင်များအား အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌက ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို ဥက္ကဋ္ဌကိုယ်စား အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်ကလည်းကောင်း၊ အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ရန်ကုန်တိုင်း ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ (ဇေကမ္ဘာ)က ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြရာ အနုပညာရှင်များကိုယ်စား အုပ်ချုပ်သူ ဂီတစာဆိုဦးဂမုန်းက လက်ခံရယူသည်။ **(သတင်းစဉ်)**

▼ ကျောဖုံးမှ

အစည်းအဝေးတွင် အလှည့်ကျသဘာပတိအဖြစ် မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၅ဦးအနက် ၉၉ဦးတို့ တက်ရောက်သည့်အတွက်ရာခိုင်နှုန်းအားဖြင့်၉၄ဒသမ၂၉ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက်အလှည့်ကျသဘာပတိအဖြစ် မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းမည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ကချင်ပြည်နယ် အထူးဒေသ(၁)မှ ဦးချန်းလန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၁)မှ ဦးခင်မောင်စန်းနှင့် မွန်ပြည်သစ်ပါတီမှ ဦးနိုင်ချမ်းတွဲတို့က ဖတ်ကြားတင်ပြကြသည်။

ထို့နောက် သဘာပတိဦးစိုင်းအောင်ထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။

ယင်းနောက် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၁၀နာရီခွဲတွင် အဆိုပါ ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထိ၊ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာ၊ မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်းနှင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့ (၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်သွင်းမည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြပြီး ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၁၀နာရီ ၄၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ အလှည့်ကျသဘာပတိ မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကန်တပ်ဖွဲ့ဝင်များအား တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ဆုံးဖြတ်ချက်မူကြမ်း ကိုဖီအာနန်နှင့် လုံခြုံရေးကောင်စီဝင်အချို့ အပြင်းအထန်ကန့်ကွက်

ကုလသမဂ္ဂ ဇွန် ၂၀

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် အဓိကကျသော ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင်များသည် အမေရိကန်တပ်ဖွဲ့ဝင်များအား နိုင်ငံတကာဆိုင်ရာ တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ပြုမှုကို အသစ်ပြန်လည်ပြုလုပ်မည့် အမေရိကန်၏ဆုံးဖြတ်ချက်မူကြမ်းကို အပြင်းအထန် ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။

ယင်းသို့ကန့်ကွက်မှုကြောင့် နိုင်ငံတကာဆိုင်ရာ ရာဇဝတ်တရားရုံးသစ်က အမေရိကန်တပ်ဖွဲ့ဝင်များအား ကင်းလွတ်ခွင့်ပေးမည့်ဆုံးဖြတ်ချက်အား အသစ်ပြုလုပ်ရန် လိုအပ်သော မဲကိုးမဲ ကို ဘုရှ်အစိုးရသည် သောကြာနေ့ထိ မရသေးဘဲရှိသည်။ ယခင်ဆုံးဖြတ်ချက်အဟောင်းသည် ဇွန် ၃၀ ရက်၌ ကုန်ဆုံးမည်ဖြစ်သည်။

အတည်ပြု

ယင်းသို့ အမေရိကန်တပ်ဖွဲ့ဝင်များအား တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ပြုသည့်ဆုံးဖြတ်ချက်ကို ၂၀၀၂ခုနှစ်၌ ပထမအတည်ပြုခဲ့ရသည်။ ဘော့စနီးယားတွင် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းကို အမေရိကန်ပြည်ထောင်စုက ဗီတိုသုံးပယ်ချခဲ့ပြီး အခြားငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းများကိုလည်း တစ်ခုပြီးတစ်ခု ပယ်ချမည်ဟု အမေရိကန်ပြည်ထောင်စုက ခြိမ်းခြောက်ခဲ့သဖြင့် ထိုသို့ အတည်ပြုပေးခဲ့ရသည်။

မေတ္တာရပ်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် အဆိုပါဆုံးဖြတ်ချက် အတည်ပြုရေးကိစ္စနှင့် စပ်လျဉ်း၍ လုံခြုံရေးကောင်စီ၏ ဒုတိယနေ့အစည်းအဝေးတွင် ဆုံးဖြတ်ချက်အား ကန့်ကွက်ကြရန် လုံခြုံရေးကောင်စီဝင်များကို မေတ္တာရပ်ခံခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

လက်ဘနွန်စားစာခံ ပြန်ပေးသမားတို့ ပြန်လွှတ်ပေး

ဘေရွတ် ဇွန် ၂၀

အီရတ်နိုင်ငံတွင် ပြန်ပေးသမားများသည် လက်ဘနွန် နောက်ဆုံး ဓားစာခံတစ်ဦးကို စနေနေ့က လွှတ်ပေးလိုက်သည်ဟု လက်ဘနွန်နိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောကြားသည်။

လွန်ခဲ့သည့် သီတင်းပတ်ကုန်၌ ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရသော ဂျော့ချ်ဖရင်ဒို၏ ကျန်းမာရေး အခြေအနေကောင်းကြောင်း သတင်းရပ်ကွက်က ပြောကြားသော်လည်း ထို့ထက်ပို၍ အသေးစိတ် ပြောကြားခြင်းမရှိပေ။

ပြန်ပေးသမားများသည် ၎င်းတို့ ပြန်ပေးဆွဲထားသောအခြားလက်ဘနွန် တစ်ဦးဖြစ်သူ ဂျမီလ်ဒစ်ပ်ဆိုသူကို ကြာသပတေးနေ့ညက လွှတ်ပေးခဲ့သည်။ ဒစ်ပ်နှင့် ဖရန်ကိုတို့နှစ်ဦးသည် ဆွီဒန်ကုမ္ပဏီ၌အလုပ်လုပ်ကိုင်နေကြသူများဖြစ်သည်။

လက်ဘနွန် နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းရပ်ကွက်များက အီရတ်၌ ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသော အခြား လက်ဘနွန်လူမျိုးများနှင့် စပ်လျဉ်း၍ မသိကြောင်း ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်အရပ်သားလေးဦး၏အလောင်းများ ဗြိတိသျှတပ်ဖွဲ့ဝင်များ ဖျောက်ဖျက်မှုစစ်ဆေး

လန်ဒန် ဇွန် ၂၀

လွန်ခဲ့သည့်လတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ဗြိတိသျှတပ်ဖွဲ့ဝင်များက အီရတ်အရပ်သားလေးဦး၏ အလောင်းများကို ဖျောက်ဖျက်ပစ်ခဲ့ကြသည်ဆိုသော အစီရင်ခံစာကို ဗြိတိန်နိုင်ငံက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက စနေနေ့၌ ပြောကြားသည်။

မိမိတို့အားပေးသော အထောက်အထားများကို မိမိတို့ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊သို့ရာတွင် ထိုအမှုနှင့် ပတ်သက်၍ ယခုအချိန်၌ ယုံကြည်ရန် အကြောင်းမရှိကြောင်း ဝန်ကြီးဌာနပြောခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။

အမိန့်ပေး

သေဆုံးသူများ၏ မိသားစုများက တိုင်တန်းခဲ့ကြသဖြင့် ထိုအလောင်းအချို့ကို ဖော်ထုတ်ပြီး နောက်ထပ်စစ်ဆေးရရန် တရားသူကြီးက အမိန့်ပေးထားကြောင်း ဆန်းဒေးတယ်လီဂရပ်ဖ်သတင်းစာက ရေးသားသည်။

တိုက်တွန်း

အဆိုပါ အလောင်းများကို စစ်ဆေးခဲ့ကြသော အီရတ်ဆရာဝန်များက အလောင်းများ၏ ကိုယ်အင်္ဂါများကို ဖျောက်ဖျက်ထားမှုများ အပါအဝင် ဒဏ်ရာ ဒဏ်ချက်များကို မိမိတို့စစ်ဆေးတွေ့ရှိခဲ့ကြောင်း ပြောဆိုကြသည်ဟု သတင်း စာက ရေးသားပြီး နောက်ထပ် လွတ်လပ်သော စစ်ဆေးမှုပြုလုပ်ရန် တိုက်တွန်း ခဲ့သည်။

ရရှိခဲ့

တိုက်ပွဲဖြစ်ပွားပြီးနောက် ဖမ်းမိသောအကျဉ်းသားများကို ဆက်ဆံမှုနှင့် စပ်လျဉ်း၍နိုင်ငံတကာဆိုင်ရာ ကြက်ခြေနီကော်မတီမှ ပေးပို့သော တိုင်တန်းချက်ကိုရရှိခဲ့ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်အမျိုးသမီးတစ်ဦးနှင့် ၎င်း၏သမီးငယ်တို့ကို နေအိမ်၌ ဇွန်၂၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာ၌ အမေရိကန်တို့ လေကြောင်းမှ တိုက်ခိုက်ခဲ့မှု အပြစ်မဲ့ အီရတ်ပြည်သူအများအပြား သေကျေခဲ့ကြရ

ဖော်လူဂျာ ဇွန် ၂၀

အီရတ်နိုင်ငံ ဖော်လူဂျာမြို့ လူနေရပ်ကွက်အတွင်း အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များက ၎င်းတို့အလိုရှိသော အစွန်းရောက် ခေါင်းဆောင်တစ်ဦးကို ပစ်မှတ်ထားပြီး လေကြောင်းတိုက်ခိုက်မှုတစ်ရပ် ပြုလုပ်ခဲ့ခြင်းကြောင့် အပြစ်မဲ့အီရတ်ပြည်သူ အများအပြားသေဆုံးခဲ့ကြရသည်။

အီရတ်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပတ်သက်ပြီး တာဝန်ရှိသည့် အမေရိကန်တို့က စွပ်စွဲပြောကြားနေသည့် အာဘူမူဆက် အယ်လ်ဇာကာဝီ ပုန်းအောင်းနေသည်ဟုယူဆသော နေအိမ်အဆောက်အအုံကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း နေအိမ်အတွင်းဇာကာဝီမရှိသော်လည်း ၎င်း၏ အဖွဲ့ဝင်များရှိမည်ဖြစ်ကြောင်း ပြောဆိုကာ အမေရိကန်တို့က ယခုကဲ့သို့ လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဖြစ်ပွားနေ

ဖော်လူဂျာမြို့သည် ပြီးခဲ့သော လအထိ စစ်ပွဲများ ဖြစ်ပွားနေသည့် မြို့တစ်မြို့ဖြစ်နေခဲ့ပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များအား ဆန့်ကျင်သည့်လက်နက်ကိုင်အဖွဲ့များကစုစည်း တိုက်ခိုက်လျက်ရှိရာ နေရာဖြစ်သည်။

အီရတ်တို့ထံ အာဏာလွှဲပြောင်းရောက်ရှိမည့် ဇူလိုင်၁ရက် နီးကပ်လာပြီဖြစ်သည့်အတွက် အယ်ဇာကာဝီနှင့် အီရတ်လက်နက်ကိုင်တို့၏ အမေရိကန်တို့အပေါ် တိုက်ခိုက်မှုများ ပိုမိုတိုးမြှင့်လာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားလျက်ရှိသည်။

ယခုကဲ့သို့လေကြောင်းမှတိုက်ခိုက်မှုသည် အန္တရာယ် ကြီးမားသော စွန့်စားမှုတစ်ရပ်ဖြစ်ကြောင်း အမေရိကန်တို့က ဝန်ခံ ပြောကြားလျက်ရှိသည်။

(စီအင်န်အင်န်)

ဆန္ဒပြ

ဘဂ္ဂဒက်မြို့ ဆာ ဒါ စီး တီး အရပ်၌ အယ်လ်ဆာဒါနှင့်၎င်း၏ မီဒီ တပ် ဖွဲ့ ကို ထောက်ခံကြောင်း ကြွေးကြော်ကာ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြနေသော အီရတ် အမျိုးသမီးများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၌ ဒီရေနီကြောင့် ရေသတ္တဝါများ သေကျေကြရ

ပေကျင်း ဇွန် ၂၀

တရုတ်နိုင်ငံ ဘိုဟိုင်းပင်လယ်အတွင်း မကြာသေးမီက တွေ့ရှိခဲ့သော အဆိပ်သင့် အယ်လ်ဂျေးများကြောင့် ဖြစ်ပွားသော ဒီရေနီဖြစ်ပွားမှုနှစ်ခုသည် သက်ဆိုင်ရာ၏အသေးစိတ်တိုင်းတာချက်များအရ လုံးဝပျောက်ကွယ်သွားသည်ကို တွေ့ရကြောင်း သိရှိရသည်။ ဒီရေနီများဖြစ်ပွားမှုကို မြစ်ဝါမြစ်ဝနှင့် နိုင်ငံမြောက်ပိုင်းအဓိက ဆိပ်ကမ်းမြို့ဖြစ်သော တီယန်ကျင်းမြို့အနီး တို့တွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဒီရေနီများသည် ဆဲလ်အရွယ်အစားရှိ အဏုဇီဝဖွဲ့ စည်းမှု ကြောင့်ဖြစ်ပေါ်ပြီး ရေနေသတ္တဝါများသေကျေရသည့် ကပ်ဆိုးတစ်မျိုး သဖွယ်ပျံ့ပွားတတ်ကာ တရုတ်နိုင်ငံ၌ဒီရေနီဖြစ်ပွားမှုများ လတ်တလောအခြေအနေမှာတိုးပွားလျက်ရှိကြောင်း သိရှိရသည်။ ဘိုဟိုင်းပင်လယ်တစ်ဝိုက် ဒီရေနီဖြစ်ပွားမှုများကို စောင့်ကြပ်ကြည့်ရှုရန် သက်ဆိုင်ရာက ဒေသခံများအားတိုက်တွန်းထားပြီး ပင်လယ် အစားအစာများအား ဈေးကွက်သို့မပို့မီ အဆိပ်သင့်မှု ကင်းမကင်း သေချာစေရန်ဆောင်ရွက်ဖို့တိုက်တွန်းထားကြောင်းသိရသည်။

(စီအင်န်အင်န်)

အမျိုးသားညီလာခံဂုဏ်ပြု အလှူငွေပေးအပ် လေပြင်းဒဏ်သင့် ရခိုင်ပြည်နယ်မှညီလာခံကိုယ်စားလှယ်များအား ကူညီထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၁

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေပေးအပ်ပွဲ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များက ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်သူများအတွက် အလှူငွေပေးအပ်ပွဲနှင့် လေပြင်းဒဏ်သင့် ရခိုင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ်များအား ကူညီထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ၂နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီရုံးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ ကျေးဇူးတင်စကားပြောကြားသည်။ (ယာပုံ)

ယင်းအလှူငွေ ပေးအပ်ပွဲ အခမ်းအနားသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မရှင်ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ် လွန်းမောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ အမျိုးသားညီလာခံအစုအဖွဲ့များမှ သဘာပတိ အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်သူများ အတွက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်မှလှူဒါန်းငွေကျပ် ၁၇၂၀၀၀၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီမှ လှူဒါန်းငွေကျပ်၁၂၂၀၀၀၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီမှ လှူဒါန်းငွေကျပ် ၃၈၂၀၀၀နှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များမှ စုပေါင်းလှူဒါန်းသည့် ငွေနှင့်ပစ္စည်း တန်ဖိုးငွေကျပ် ၁၉၀၄၆၅၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၅၈၀၆၅၀ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသို့ပေးအပ်လှူဒါန်းရာ ဝန်ကြီးဗိုလ်ချုပ်စိန်ထွားက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ငွေလှူဒါန်း

ဆက်လက်၍ ရခိုင်ပြည်နယ်တွင် လေပြင်းဒဏ်သင့်ခံရပြီး မိမိပိုင်လုပ်ငန်းများ အများအပြားထိခိုက် ဆုံးရှုံးခဲ့ရသည့်ရခိုင်ပြည်နယ်မှအမျိုးသားညီလာခံ ကိုယ်စားလှယ် ငါးဦးတို့အား ညီလာခံကိုယ်စားလှယ်များက ကူညီထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းကြရာ ညီလာခံကိုယ်စားလှယ်ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် မိသားစုက ထောက်ပံ့လှူဒါန်းငွေကျပ် ငါးသိန်းကို လည်းကောင်း၊ A.C.E ဆောက်လုပ်ရေး ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင့်ဆန်းက ထောက်ပံ့လှူဒါန်းငွေကျပ် ငါးသိန်းကို လည်းကောင်း စုစုပေါင်းငွေကျပ်၁၀သိန်းကို လေပြင်းဒဏ်သင့် ရခိုင်ပြည်နယ်မှ ညီလာခံ ကိုယ်စားလှယ်များဖြစ်ကြသော ဦးလှအောင်၊ ဦးကျော်နု၊ ဦးရွှေမန်းတင်၊ ဦးခင်မောင်သိမ်းနှင့် ဦးထွန်းလှတို့အား ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် စေတနာရှင် အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများကိုပေးအပ်လှူဒါန်းကြရာ ဦးအောင်ဇော်ရဲမြင့် မိသားစုက ကျပ် ၅၀၀၀၀၀၊ ဦးဌေးမြင့်(ဥက္ကဋ္ဌ၊ ယုဇနကုမ္ပဏီ လီမိတက်)က အမျိုးသားညီလာခံတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ငွေကျပ် ၁၅၀၀၀၀၀ နှင့် ငွေကျပ် ၃၀၀၀၀၀ တန်ဖိုးရှိ ငါးပိသဲချိန် ၂၅၀ ပေါင်း တန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၊ ဦးတင့်ဆန်း (အုပ်ချုပ်မှုဒါရိုက်တာ A.C.E ဆောက်လုပ်ရေးကုမ္ပဏီ)က ငွေကျပ် ၈၀၀၀၀၀၊ ဒေါက်တာခင်ရွှေ(ဥက္ကဋ္ဌ၊ ဇေကမ္ဘာကုမ္ပဏီလီမိတက်)ကငွေကျပ် ၅၀၀၀၀၀၊ ဦးဝင်းအောင်(ဥက္ကဋ္ဌ၊ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်) ကငွေကျပ် ၅၀၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးအား အမှူးထား၍ ရန်ကုန်တိုင်းအတွင်းရှိ ခြင်ဆေးခွေလုပ်ငန်းရှင်များဖြစ်ကြသော မင်းသား၊ မော့စ်ဖလိုင်း၊ ဂိုး၊ ဂျမ်ဘိုနှင့် ဖိုက်တာတို့က ငွေကျပ် ၄၁၂၈၀၀ တန်ဖိုးရှိ ခြင်ဆေးခွေဘူး ၂၃၂၀၊ ဦးဝင်းမြင့်(ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ရွှေနဂါး ကုမ္ပဏီလီမိတက်)က ငွေကျပ် ၃၀၀၀၀၀၊ ဦးညိုမြင်း(ဥက္ကဋ္ဌ၊ မင်းဇာနည်ကုမ္ပဏီလီမိတက်)က ညီလာခံတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ငွေကျပ် ၃၀၀၀၀၀တန်ဖိုးရှိ ငါးပိသာ ၂၅၀၊ ဒေါက်တာဇော်ဝင်းမြင့် (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်)က ငွေကျပ် ၃၂၀၀၀၀တန်ဖိုးရှိ ဘဲဥ အလုံး ၁၀၀၀၀၊ ဒေါက်တာကိုကိုကြီး (အုပ်ချုပ်မှုဒါရိုက်တာ၊ ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်)က ငွေကျပ် ၂၀၀၀၀၀နှင့် ငွေကျပ် ၃၀၀၀၀၀တန်ဖိုးရှိ ဆေးပစ္စည်းများ၊ ဦးလှပို(ဌာနမှူး၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန)က ငွေကျပ် ၃၀၀၀၀၀ တန်ဖိုးရှိ ဆိတ်သားပိဿာ၁၀၀၊ ဦးစိန်သစ် (TOSTA Group Ltd.) ကငွေကျပ် ၃၀၀၀၀၀၊ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးမှု သင်တန်း အမှတ်စဉ်(၇)မှ ငွေကျပ် ၆၀၀၀၀ နှင့် သင်တန်းအမှတ် စဉ်(၈)မှ ငွေကျပ် ၅၀၀၀၀ ပေါင်း ငွေကျပ် ၁၁၀၀၀၀တို့ကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ် လွန်းမောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ချမ်းသာအောင်မြင် အုပ်ချုပ်မှုဒါရိုက်တာ ဦးချမ်းသာနှင့် ဒါရိုက်တာဒေါ်ဥမ္မာမြင့်တို့က ငွေကျပ် ၁၉၅၀၀၀တန်ဖိုးရှိ စည်သူငြိမ်းအေး ရေးသားသည့် "စတုတ္ထရွှေပြည်သစ်ဆီသို့" စာအုပ်၁၃၀၀၊ တိုင်းရင်းသားညီလာခံကိုယ်စားလှယ် သဒ္ဓမ္မဇောတိက ဓဇ သီဟသုဓမ္မ မဏိဇောတဓရ ဦးကျော်ခင်မြင့်က ငွေကျပ် ၁၀၈၀၀၀ တန်ဖိုးရှိ "သူ့အကြောင်း၊ သူ့ဘဝ၊ သူ့ဓမ္မ" စာအုပ်၉၀၊ အသိပညာရှင်၊ အတတ်ပညာရှင် ညီလာခံကိုယ်စားလှယ် ဦးဉာဏ်လွင်နှင့် ဇနီးဒေါ်ဌေးဌေး (ရွှေဘုရင်ဆေးတိုက်)တို့က ငွေကျပ် ၃၄၈၀၀၀တန်ဖိုးရှိ တိုင်းရင်းဆေးများ၊ ဒါရိုက်တာ ဇွန်မောင်မောင်(အောင်တမန် ဆေးဝါးထုတ်လုပ်ရေးမိသားစု) ကငွေကျပ် ၈၇၂၀၀တန်ဖိုးရှိ တိုင်းရင်းဆေးများ၊ အသိပညာရှင် အတတ်ပညာရှင် ညီလာခံကိုယ်စားလှယ် ဒေါက်တာ ကျော်ဝင်း(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း)က ငွေကျပ် ၇၆၈၀၀ တန်ဖိုးရှိ မိန်းမစီး စက်ဘီး တစ်စီး၊ တစ်ခါသုံး ဆေးထိုးအပ်၊ တစ်ခါသုံး လက်အိတ်နှင့် ဓာတ်ဆားထုပ်များကိုပေးအပ်လှူဒါန်းကြရာအမျိုးသားညီလာခံကျင်းပရေး ကော်မရှင်တွဲဖက်အတွင်းရေးမှူး(၁)ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ယနေ့ အခမ်းအနားတွင် ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်သူများအတွက် လှူဒါန်းငွေနှင့် ပစ္စည်းများမှာ တန်ဖိုးငွေကျပ် ၂၅၈၀၆၅၀၊ ရခိုင်ပြည်နယ်တွင် လေပြင်းဒဏ်သင့်ခံရပြီး မိမိပိုင်လုပ်ငန်းများ အများအပြားထိခိုက်ဆုံးရှုံးခဲ့ရသည့် ရခိုင်ပြည်နယ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ငါးဦးတို့အား ညီလာခံကိုယ်စားလှယ်များကကူညီထောက်ပံ့ငွေမှာ ငွေကျပ် ၁၀ သိန်းနှင့် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် စေတနာရှင် အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေနှင့် ပစ္စည်းများမှာ တန်ဖိုးငွေကျပ် ၇၄၅၇၈၀၀ ဖြစ်သည်။

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင် ဇေကမ္ဘာကုမ္ပဏီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ကျေးဇူးတင်စကားပြောကြားသည်။

ဂုဏ်ပြုချီးကျူး

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကျေးဇူးတင်စကားပြောကြားရာတွင် ရခိုင်ပြည်နယ်၌ လေပြင်းဒဏ်ခံရသည့် ပြည်သူများအတွက် လည်းကောင်း၊ လေပြင်းဒဏ်သင့် ရခိုင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ်များအားလည်းကောင်း၊ ညီလာခံကိုယ်စားလှယ်များက ကူညီထောက်ပံ့ လှူဒါန်းငွေများ ပေးအပ်ကြခြင်းသည် တိုင်းရင်းသားညီအစ်ကိုချင်း တစ်ဦးတွင် အခက်အခဲဒုက္ခ ကျရောက်ပါက တစ်ဦးက စာနာကူညီထောက်ပံ့မှုသည် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို ဖော်ပြခြင်းပင်ဖြစ်ကြောင်း၊ လေပြင်းဒဏ်သင့်၍ လုပ်ငန်းများ ထိခိုက်ဆုံးရှုံးခဲ့ရသည့် ညီလာခံကိုယ်စားလှယ် ငါးဦးသည် မိမိတို့တွင် အခက်အခဲများကြုံတွေ့နေရသည့်ကြားမှ အမျိုးသားညီလာခံ စုံညီအစည်းအဝေးနှင့် အစုအဖွဲ့အလိုက် အစည်းအဝေးများသို့ တက်ရောက်လျက်ရှိနေကြသည်မှာ မိမိကိုယ်ကျိုးကိုစွန့်လွှတ်ပြီး ပြည်ထောင်စုစိတ်ဓာတ်ဖြင့်အမျိုးသားရေးတာဝန်ကိုကျေပွန်စွာ ထမ်းဆောင်နေခြင်းဖြစ်၍ အထူးပင်ဂုဏ်ပြုချီးကျူးအပ်ပါကြောင်း။

အမျိုးသားညီလာခံသည် အမျိုးသားတစ်ရပ်လုံး၏ အရေးအကြီးဆုံး အရေးအရာပင်ဖြစ်၍ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရပ်နီးရပ်ဝေးမှ တိုင်းရင်းသားပြည်သူများ၏ ထောက်ခံပေးပို့သောစာများ နေ့စဉ်နှင့်အမျှ တဖွဲဖွဲရောက်ရှိနေကြောင်း၊ မိမိတို့ အားလုံးအနေဖြင့် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပသွားရန် သန္နိဋ္ဌာန်ချထားကြပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်အား၊ ပစ္စည်းအား၊ ငွေအားတို့ဖြင့် ပံ့ပိုးကူညီကြသည့် စေတနာရှင်ပြည်သူများ၊ ကိုယ်စားလှယ်ကြီးများအားလုံးတို့ကို အထူးပင် ကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ညနေ ၃ နာရီ ၁၀ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်သူများအတွက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်မှ လှူဒါန်းငွေများ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီမှ လှူဒါန်းငွေများ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီမှ လှူဒါန်းငွေများနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ စုပေါင်းလှူဒါန်းသည့် ငွေနှင့်ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသို့ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မယ်စဲ့မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်ဆည်းမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အစိုးရကွန်ပျူတာကောလိပ် (လှိုင်ကော်) ကွန်ပျူတာခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● *ကျော့ဖုံးမှ*

တာဝန်ရှိပုဂ္ဂိုလ်များ၊ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဇွန် ၁၉ရက် နံနက် ၁၁ နာရီတွင် လွိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးဒေါက်တာထွန်းအေးနှင့် သမားတော်ကြီးများ၊ ဆရာဝန် ၊ ဆရာမများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အမျိုးသား ဆေးကုသဆောင်၊ အမျိုးသမီးဆေးကုသဆောင်၊ ခွဲစိတ်အထူးကုလူနာဆောင်၊ အရိုး၊ အဆစ်၊ အကြော ထိခိုက်ဒဏ်ရာအထူးကု လူနာဆောင်၊ ခွဲစိတ်ခန်း၊ သားဖွားဆောင်၊ဓာတ်မှန်ဆောင်၊ ရောဂါရှာဖွေရေးဌာန (ဓာတ်ခွဲခန်း)၊ အမျိုးသားသွေးလှူဘဏ်နှင့် ရောဂါရှာဖွေရေးဌာနတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးကြပြီးအမျိုးသား ကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကိုမှာကြားသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် လွိုင်ကော်မြို့မှ မယ်စဲ့မြို့သို့ ရောက်ရှိကြရာ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးဟန်ညွန့်၊ မယ်စဲ့မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မယ်စဲ့မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်မှဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများနှင့်တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက မယ်စဲ့မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ မြေအသုံးချနိုင်မှု၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်၏ပညာရေး၊ ကျန်းမာရေးဆိုင်ရာ တာဝန်ခံများက ဌာနအလိုက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ သက်ဆိုင်ရာ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကိစ္စများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မယ်စဲ့မြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့နယ်ဆေးရုံတို့၌ လိုအပ်သောပစ္စည်းပိုင်းဆိုင်ရာကိစ္စများ၊ မြဝတီရုပ်မြင်သံကြားဖမ်းယူရရှိရေး၊ မယ်စဲ့–ဖားဆောင်းလမ်း တိုးတက်ကောင်းမွန်ရေးစသည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့နှင့် စပ်လျဉ်း၍လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နည်းဗျူဟာမှူး ဗိုလ်မှူးကြီးဟန်ညွန့်က ဒေသ၏အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လိုအပ်သည်များကို မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဒေသခံပြည်သူများကြည့်ရှုအပန်းဖြေနိုင်ရေးအတွက် ရုပ်မြင်သံကြားနှင့် ဗွီစီဒီစက်တို့ကိုလည်းကောင်း၊ မယ်စဲ့မြို့အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကိုလည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသိန်းထွန်းနှင့် အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးသန်းလွင်တို့အားပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းနှီးစွာလိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လူနာဆောင်များ၊ ခွဲစိတ်ခန်းနှင့် ကိုယ့်အားကိုယ်ကိုး ဓာတ်မှန်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း မြို့နယ်လျှပ်စစ်မှူးရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရေဒီယိုကြေးနန်းရုံး၊ ဆက်သွယ်ရေးစခန်း (စာတိုက်)နှင့် တယ်လီဖုန်းအိတ်ချိန်းရုံးတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မယ်စဲ့မြို့အခြေခံပညာအထက်တန်းကျောင်းသို့လည်း သွားရောက်ပြီး စာသင်ခန်းများ၊ ပညာသင်ကြားနေမှုများကိုကြည့်ရှုစစ်ဆေး၍ ဆရာ ဆရာမများအား နှုတ်ဆက်အားပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လွိုင်ကော်မြို့သို့ ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

လွိုင်ကော်တက္ကသိုလ်

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီခွဲတွင် လွိုင်ကော်တက္ကသိုလ်သို့ ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ် ဦးစိန်ဦးနှင့် ဌာနမှူးပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် နည်းပြသရုပ်ပြများက ကြိုဆိုကြသည်။

ထို့နောက် တက္ကသိုလ်ခန်းမဆောင်၌ ဒုတိယပါမောက္ခချုပ် ဦးစိန်ဦးက ကောလိပ်၊ ဒီဂရီကောလိပ်အဆင့်များမှ လွိုင်ကော်တက္ကသိုလ်အဖြစ် ၁၄–၅–၂၀၀၃တွင် စတင်ဖြစ်ပေါ်လာခဲ့မှု၊တက္ကသိုလ်၏ အကျယ်အဝန်း၊ တက္ကသိုလ်တွင် ဖွင့်လှစ်ထားသည့် သင်တန်းများနှင့် အထူးပြုဘာသာရပ်များ သင်ကြားမှုအခြေအနေ၊ မြို့နယ်အလိုက်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အခြေအနေများ၊ ကွန်ပျူတာနှင့် သင်ကြားမှု သင်ယူမှုအထောက်အကူပြုပစ္စည်းများ တပ်ဆင်ထားမှု အခြေအနေ၊ တက္ကသိုလ်၏ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးနှင့် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က တက္ကသိုလ်နှင့်စပ်လျဉ်း၍ ဖြည့်ဆည်းပေးသင့်သည်များကို ရှင်းလင်းတင်ပြကြသည်။

စီမံကိန်းကြီးသုံးခု

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက နိုင်ငံတော် အစိုးရအနေဖြင့် ပြည်နယ်၊တိုင်းဒေသအသီးသီးအကြား အလပ်မရှိ မျှမျှတတဖွံ့ဖြိုးတိုးတက်လာရေးအတွက် စီမံကိန်းကြီးသုံးခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အဆိုပါ စီမံကိန်းကြီး သုံးခုအနက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းဖြင့် ဖွံ့ဖြိုးရေးဒေသကြီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်ပေးလျက်ရှိသည်ကို ဆရာကြီး ဆရာမကြီးများ အသိပင်ဖြစ်ကြောင်း။

ဖွံ့ဖြိုးရေးဒေသကြီးများတွင် ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ရာ လွိုင်ကော်တက္ကသိုလ်သည်လည်း တစ်ခုအပါအဝင်ဖြစ်ခဲ့ကြောင်း။

စေတနာထားသင်ကြားပို့ချ

ထို့ကြောင့်နိုင်ငံတော်က တည်ထောင်ပေးထားသော လွိုင်ကော်တက္ကသိုလ်၌ သင်ကြားလျက်ရှိသည့် တန်ဖိုးရှိသော အဆင့်မြင့်ပညာရပ်များကို လူငယ်လူရွယ် ကျောင်းသားကျောင်းသူများက ကြိုးစားပမ်းစား တန်ဖိုးထားသင်ယူလာအောင်စေတနာထား၍ သင်ကြားပို့ချပြီး ပညာတတ်များများစားစား ထွက်ပေါ်လာရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

ဒေသခံပညာတတ်များတိုးပွားလာမှသာ ယင်းပညာတတ် မျိုးဆက်သစ်များက ကယားပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးအောင် ဆက်လက်သယ်ပိုး ဆောင်ကြဉ်းပေးနိုင်မှာဖြစ်ကြောင်းဖြင့် မှာကြားပြီး ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြသရုပ်ပြများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည်လွိုင်ကော်တက္ကသိုလ်၏ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် တက္ကသိုလ်ပရဝဏ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆွမ်းဆန်တော်နှင့်ဆီလှူဒါန်း

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဇွန်၂၀ရက် နံနက်၈နာရီတွင် လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပသည့် ပြည်နယ်အတွင်းရှိ ကျောင်းတိုက်များမှ သံဃာတော်များအတွက် ဆွမ်းဆန်တော်နှင့် ဆီလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး လွိုင်ကော်မြို့ ရွှေတောင်ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိထံမှ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ရွှေတောင်ပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တပညာသာမိအား အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွမ်းဆန်တော်၊ ဆီ၊ ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များက ဆရာတော်သံဃာတော်များအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတောင်ပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ အနုမောဒနာနှင့် ရေစက်ချတရားတော်နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေ၍ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အစိုးရကွန်ပျူတာကောလိပ်(လှိုင်ကော်)

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အစိုးရကွန်ပျူတာကောလိပ်(လှိုင်ကော်)သို့ သွားရောက်ကြရာ တာဝန်ခံကျောင်းအုပ် ဒေါ်မြင့်မြင့်မော်နှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ကောလိပ်ခန်းမ၌ တာဝန်ခံကျောင်းအုပ်က အစိုးရကွန်ပျူတာကောလိပ်(လှိုင်ကော်)ဖွင့်လှစ်ခဲ့မှု၊ ကောလိပ်သို့ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေမှု၊ ဆရာ ဆရာမနှင့် ဝန်ထမ်းအင်အား၊ စာသင်ဆောင်များ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကောလိပ်၏ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များ မှာကြားသည်။

စာမျက်နှာ ၇ ကော်လံ ၄

စာမျက်နှာ ၆ မှ

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် အစိုးရနည်းပညာကောလိပ်(လွိုင်ကော်)သို့ ရောက်ရှိကြရာ ကျောင်းအုပ် ဒေါ်ငွေငွေက သင်ကြား/စီမံကိန်းများ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

လက်မှတ်ရေးထိုး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က ဆရာဆရာမများအနေဖြင့် ကျောင်းသားကျောင်းသူများအား ထူးချွန်ထက်မြက်သူများ ဖြစ်လာအောင် သင်ကြားပေးရင်း တစ်ဖက်ကလည်း မိမိတို့၏ အသိပညာနှင့် ဉာဏ်ရည်ဉာဏ်သွေးများ မြင့်မားသည်ထက် မြင့်မားတတ်မြောက် လာအောင်လည်း ကြိုးစားကြရန်မှာကြားပြီး ကောလိပ်၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံ တပ်နယ်အစည်းအဝေးခန်းမသို့ သွားရောက်၍ ကယားပြည်နယ်အတွင်းရှိ ကားလမ်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ကယားပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးဇော်ဝင်းက ကယားပြည်နယ်သို့ ဝင်ရောက်နိုင်သည့် လမ်းများအနက် မြောက်ဘက်ဝင်ပေါက်လမ်းများဖြစ်သည့် ၁၆မိုင် ၂ဖာလုံရှိ ထီးစဲခါး-လွိုင်ကော်လမ်းနှင့် ၄၇မိုင် ၄ ဖာလုံရှိ ပင်လောင်း-လွိုင်ကော်လမ်း၊ အနောက်ဘက် ဝင်ပေါက်လမ်းများဖြစ်သည့် ၆၂မိုင်ရှိ လွိုင်ကော်-ဆူးပြောင်းလမ်းနှင့် ၄၈ မိုင်ရှိ ဖားဆောင်း-မော်ချီးလမ်း၊ တောင်ဘက်ဝင်ပေါက်လမ်းဖြစ်သည့် ၇၅မိုင် ၄ဖာလုံရှိ လွိုင်ကော်-ဖားဆောင်းလမ်း၊ အရှေ့ဘက်ဝင်ပေါက်လမ်းများဖြစ်သည့် ၄၉မိုင် ၇ဖာလုံရှိ လွိုင်ကော်-တာတမော့လမ်း၊ မိုင် ၅၀ ရှိ ဖားဆောင်း-ဘီပီ ၁၃လမ်းနှင့် (၂၇မိုင် ၃ ဖာလုံ)ရှိ ဘောလခဲ-စွတ်ပိုင်လမ်းတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ လွိုင်ကော်-ရာဒို-လိပ်သိုတောင်ငူကားလမ်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ လမ်းများ၏ လက်ရှိအခြေအနေ၊ မိုးတွင်းကာလ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ပွင့်လင်းရာသီတွင်လမ်းများ အဆင့်မြှင့်နိုင်ရေးအတွက် ပြင်ဆင်စီမံဆောင်ရွက်နေမှုများ၊ ရရှိပြီးသည့် ရန်ပုံငွေများ၊ တောင်းခံထားသည့် ရန်ပုံငွေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို အတော်များများ တည်ဆောက်ပေးခဲ့ပြီး ဖြစ်ကြောင်း။

တံတားကြီးများတည်ဆောက်

အထူးသဖြင့် မြစ်ကူး-ချောင်းကူးတံတားကြီးများကို ပြည်နယ်နှင့် တိုင်းဒေသအသီးသီးရှိ လိုအပ်သည့် နေရာများ၌ အများအပြား တည်ဆောက်ပေးခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက ယခုနှစ်မှစ၍ လမ်းနှစ်အဖြစ်သတ်မှတ်၍ လမ်းများ ချောမွေ့ကောင်းမွန်တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်ထားကြောင်း။

စေတနာထားဆောင်ရွက်

ကယားပြည်နယ်၌လည်း လမ်းများ တိုးတက်ကောင်းမွန်အောင် တာဝန်ရှိသူများက စေတနာထား၍ ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

လမ်းပန်းဆက်သွယ်မှုကောင်းမွန်မှသာ ပြည်နယ်၏စီးပွားရေး၊ လူမှုရေးအခြေအနေများသည် တိုးတက်ကောင်းမွန်လာမည်ဖြစ်၍ ပြည်နယ်အုပ်ချုပ်ရေးတာဝန်ခံများ၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် လမ်းများကို ဦးစားပေး အစီအစဉ်သတ်မှတ်ကာ တိုးတက်ကောင်းမွန်အောင် ဖိဖိစီးစီး ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

ငါးပါးသီလဆောက်တည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီးတွင် ပြည်နယ်အတွင်းရှိ ကျောင်းတိုက်များမှ သံဃာတော်များအတွက် ဆွမ်းဆန်တော်နှင့် ဆီလှူဒါန်းပွဲတွင် လွိုင်ကော်မြို့ ရွှေတောင်ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိထံမှ ငါးပါးသီလ ခံယူဆောက်တည်စဉ်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီးတွင် ပြည်နယ်အတွင်းရှိ ကျောင်းတိုက်များမှ သံဃာတော်များအတွက် ဆွမ်းဆန်တော်နှင့် ဆီလှူဒါန်းပွဲတွင် လွိုင်ကော်မြို့ ရွှေတောင်ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထောက်ကြန့်ကလေးပြုစုရေးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်လိုက်ပါလျက် ယနေ့ မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ကလေးပြုစုရေးဌာနသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးပြီး ကလေးများအတွက် စားစရာမုန့်နှင့် ဖျော်ရည်များပေးအပ်သည်။ ထို့နောက် စားရိပ်သာကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကလေးများကျန်းမာရေးကို အထူးဂရုစိုက်ဆောင်ရွက်ကြရန်မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟာသဂျာနယ် အတွဲ(၂)၊ အမှတ်(၄၆)ဖြန့်ချိ

ရန်ကုန် ဇွန် ၂၁

တွတ်တွတ်၏ မျက်နှာဖုံး ကာတွန်းနှင့် ဆရာပြည့်စုံ (သွေးသောက်)၊ ဆရာသာဂဒိုး၊ မြေဇာ၊ မော်ဝန်းကြည်မြတ်၊ ကာတွန်းမြင့်စိုးလေး၊ ကာတွန်းမင်းအောင်၊ ဆြာကြီးထိန်၊ ဆရာကြီးထိပ်တင်ဗလရှင်၊ မောင်သွေးရင့်၊ တေးသံရှင်ကြည်အောင်၊ မြင့်သန်းဦး၊ ကောင်းကိုကို၊ ရွှေညာမြေမောင်ဖိုးထောင်၊ ကာတွန်းမောင်ဝဏ္ဏ၊ ကျော်ဇောဟိန်း(ဒေါ်ပုံ)၊ ကိုအောင်ငွေသိမ်းတို့၏ဟာသ အတွေးအမြင် ရုပ်ရှင်၊ သဘင် ဟာသပုံရိပ်တို့ဖြင့် ဟာသဂျာနယ် အတွဲ (၂)၊ အမှတ်(၄၆)ကို ဝါမိုးအောင် စာပေ အမှတ် ၅၂၉၊ ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။ **(က-ပ)**

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၁-၆-၂၀၀၄

ဝမြို့	၈	ဒသမ	၁၉	လက်မ
စစ်တွေမြို့	၆	ဒသမ	၈၅	လက်မ
ဇလွန်မြို့	၅	ဒသမ	၂၀	လက်မ
ဟသ်ာတမြို့	၄	ဒသမ	၆၈	လက်မ
သံတွဲမြို့	၄	ဒသမ	၀၉	လက်မ

မြန်မာ့ရုပ်မြင်သံကြား

၂၂-၆-၂၀၀၄
(အင်္ဂါနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈း၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
၈း၂၀ ၇။ ဇော်ဂျီရေထိန်းဆည်
၈း၃၀ ၈။ International News
၈း၄၅ ၉။ Grammar made Easy
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၀၅ ၂။ Euro 2004 ဘောလုံးပွဲ ထုတ်လွှင့်မှု အစီအစဉ် **(ဆွစ်ဇာလန်နှင့် ပြင်သစ်)**
၁၇း၄၀ ၃။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၃၀ ၄။ ညနေခင်းသတင်း
၁၉း၀၀ ၅။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၆။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၉း၂၀ ၇။ ကြေးမုံရိပ်သွင် တေးနုယဉ်
၁၉း၃၅ ၈။ တိုးတက်ဝေစည် ကန္ဒရဝတီငွေတောင်ပြည်
၂၀း၀၀ ၉။ ပြည်တွင်းသတင်း
၁၀။ နိုင်ငံတကာသတင်းများ
၁၁။ မိုးလေဝသအခြေအနေ
၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၅၁)

နံနက်ပိုင်း

၁း၁၅ ၁၃။ **Euro 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (အီတလီနှင့်ဘူဂေးရီးယား)**
၁၄။ နောက်တစ်နေ့အစီအစဉ်
၁၅။ အစီအစဉ်ပြီး၏။ ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၂၀ရက်က မကွေးတိုင်း မြို့သစ်မြို့ ရတနာခန်းမ၌ မြို့သစ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❐ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား မကွေးလေဆိပ်မှ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

မြို့သစ်မြို့ရောက်ရှိ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းတို့လိုက်ပါလျက် မကွေးတိုင်း မြို့သစ်မြို့သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြို့သစ်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၂၀ ရက်က ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား မြို့သစ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့နှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြို့သစ်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး လူနာခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် ဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာတင်မောင်ကိုနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြို့သစ်မြို့ ပြည်သူ့ဆေးရုံအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး ဆောင်ရွက်ဖွယ်ရာများကို မှာကြားသည်။

ဗဟိုမှမြို့နယ်အထိ ကွင်းဆင်းဖြည့်ဆည်းပေးသောလုပ်ငန်းများ ဒေသဖွံ့ဖြိုးရေး မပြတ်လေ့လာပြီး မိမိအဆင့်နှင့်ဆောင်ရွက်နို

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရတနာခန်းမ၌ မြို့သစ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်တိုးက မြို့နယ်၏တည်နေရာနှင့် အကျယ်အဝန်း၊လူဦးရေ၊ မိုးရေချိန်၊ စိုက်ပျိုးရေရရှိမှု၊ ၂၀၀၃–၂၀၀၄ ခုနှစ် မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ ၂၀၀၄–၂၀၀၅ ခုနှစ် မိုးစပါး၊ နွေစပါးစိုက်ပျိုးရန် လျာထားချက်၊ ဒေသဝမ်းစာနှင့် ဒေသဆီဖူလုံမှုအခြေအနေ၊ အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးရန် လျာထားချက်၊ စိုက်ပျိုးပြီးစီးမှုနှင့် ထွက်ရှိမှု၊ ပန်းတိုင်အထွက်နှုန်းရရှိရန် ဆောင်ရွက်မှု၊ မွေးမြူရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ၊ ကျေးရွာသောက်သုံးရေ ရရှိရေးလုပ်ငန်းများအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇွန် ၂၀ ရက်က ရေနံချောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာသင်ခန်းအတွင်း လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မကွေးမြို့၌ မကွေးဆေးတက္ကသိုလ် ခုတင်(၂၀၀)ဆံ့ သင်ကြားရေးဆေးရုံ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)



စိစစ်ဖြည့်ဆည်းပေး

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ ကျေးရွာသောက်သုံးရေ ရရှိရေးလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေး စိုက်ပျိုးရေးလုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ ကျေးရွာသောက်သုံးရေ ရရှိရေးအပါအဝင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းလိုအပ်ချက်များကို မေးမြန်း စိစစ်ဖြည့်ဆည်းပေးသည်။

ကွန်ပျူတာပေးအပ်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြို့သစ်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် မိမိအနေဖြင့် မကွေးတိုင်းသို့ မကြာခဏရောက်ရှိခဲ့သော်လည်း

မကွေးတိုင်းအတွင်းရှိ မြို့နယ်များသို့ အရောက်အပေါက်နည်းခဲ့ကြောင်း၊ ထို့ကြောင့် ယနေ့မိမိနှင့်အတူ တိုင်းမှူး၊ဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ မြို့နယ်ဖွံ့ဖြိုးရေးလိုအပ်ချက်များရှိပါက ဖြည့်ဆည်းပံ့ပိုးပေးရန် ရည်ရွယ်ချက်များဖြင့် ယနေ့ မြို့သစ်မြို့သို့ လာရောက်ခြင်းဖြစ်ကြောင်း၊ ယနေ့မြို့သစ်မြို့နယ်၏တင်ပြချက်ဖြစ်သော ပညာရေး၊ ကျန်းမာရေးအပြင် မြို့နယ်အတွက် အခြားသော ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ဆန်နှင့်ဆီဖူလုံ

မြို့သစ်မြို့နယ်အနေဖြင့် နတ်မောက်ဆည်၊ ပုလင်းဆည်၊ စွန်ချောင်းဆည်၊ ဆဒ္ဒန်ဆည်နှင့် ဘုတ်ချောင်းဆည် စသည့် ဆည်ပေါင်းငါးခု၏ ဆည်ရေများကို အပြည့်အဝရရှိသဖြင့် အဓိကသီးနှံ ၁၀ မျိုးစလုံး စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး မြို့နယ်အနေဖြင့်လည်း ဒေသဝမ်းစာ ဆန်နှင့်ဆီ ဖူလုံသော ဒေသဖြစ်သည်ကို တွေ့ရကြောင်း။

သို့သော်လည်း မကွေးတိုင်း တစ်တိုင်းလုံးအနေဖြင့် ခြုံကြည့်မည်ဆိုပါက ဒေသဝမ်းစာဖူလုံခြင်းမရှိသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် မြို့သစ်မြို့နယ်အနေဖြင့် ဒေသဝမ်းစာဖူလုံနေမှုအပေါ် ကျေနပ်တင်းတိမ်မနေဘဲ မိမိတိုင်းအတွင်းရှိ ဒေသဝမ်းစာဖူလုံမှုမရှိသေးသည့် အခြားမြို့နယ်များကို ကူညီဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆည်ရေများကို အကျိုးရှိရှိအသုံးချကာ ပိုလျှံသည်ထက်ပိုလျှံအောင် တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့် အသီးသီးတို့မှ လျက်ရှိကြသော ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မြို့ပေါ်တွင်သာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ ကျေးလက်ဒေသများအထိ ကွင်းဆင်းကာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက် အလေးထားပြီး ဖိဖိစီးစီး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

စုပေါင်း ဓာတ်ပုံရိုက်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇွန် ၂၀ ရက်က ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်း အကျိုးတော်ဆောင်အဖွဲ့များ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်သစ်ပြီးစီးရေးလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြို့သစ်မြို့အခြေခံပညာအထက်တန်းကျောင်း Computer Room, Visual Room, Audio Room, e-Learning Centre၊ ရသ(အိမ်တွင်းမှု)နှင့် ရသ(ပန်းချီ)တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြို့သစ်မြို့မှတစ်ဆင့် နတ်မောက်မြို့သို့ ရောက်ရှိကြရာ နတ်မောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နတ်မောက်မြို့ ပြည်သူ့ခန်းမ၌ နတ်မောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

...သာလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ...နှင့်ဆောင်ရွက်နိုင်သည်များ ချက်ချင်းဆောင်ရွက်

တာဝန်ရှိပုဂ္ဂိုလ်များသည် မိမိတို့မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများအထိ ကွင်းဆင်းကာ ကဏ္ဍအလိုက် လိုအပ်ချက်များညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးရန်လိုအပ်သကဲ့သို့ စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူများအနေဖြင့်လည်း စိုက်ပျိုးနိုင်သည့် မြေများတွင် တိုးချဲ့စိုက်ပျိုးရေး၊ သီးထပ်စိုက်ပျိုးရေးတို့ကို အားသွန်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှ မြို့များ၊ ခရိုင်များ၊ ပြည်နယ်နှင့်တိုင်းများ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သကဲ့သို့ နိုင်ငံတော်သည်လည်း တိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ကြောင်း၊ ထို့ကြောင့် မြို့နယ်များတွင် တာဝန်ထမ်းဆောင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများက မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ဖွယ်ရာလုပ်ငန်းများကို မပြတ်လေ့လာ နည်းလမ်းရှာဖွေပြီး ဒေသနေပြည်သူများ၊ ဒေသရှိ လူမှုရေးအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းကာ အားကြိုးမာန်တက် ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြို့သစ်မြို့အခြေခံပညာအထက်တန်းကျောင်း လေးခန်းတွဲနှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်မှု လုပ်ငန်းကို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၂၀ ရက်က နတ်မောက်မြို့ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက မြို့နယ်၏ စိုက်ပျိုးမြေဧကအစိုးရ ဆည်/ကန်နှင့် ကျေးလက်ဆည်၊ ဖွံ့ဖြိုးရေးဆည်၊ ကိုယ့်အားကိုယ်ကိုးဆည်မှ စိုက်ပျိုးရေရရှိမှု၊ ၂၀၀၁-၂၀၀၂ ခုနှစ်မှစ၍ သုံးနှစ်အတွင်း နှစ်အလိုက် အသားတင်စိုက်ဧက တိုးတက်မှု၊ စိုက် ဧကတိုးတက်မှုရရှိစေရန် စိုက်ပျိုးရေ ရရှိရေးဆောင်ရွက်မှု၊ ဒေသဝမ်းစာ၊ ဒေသဆီဖူလုံမှုအခြေအနေ၊ အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ ပန်းတိုင်အထွက်နှုန်းရရှိရန် ကြိုးပမ်းဆောင်ရွက်မှု၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ မြို့စည်ပင်သာယာရေး၊ ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ကျေးလက်လမ်းများဖွံ့ဖြိုးရေး၊ စိမ်းလန်းစိုပြည်ရေး၊ သစ်တောစိုက်ခင်းများ ထူထောင်ရေး၊ သစ်တောများထိန်းသိမ်းခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များနှင့်ပတ်သက်ပြီး သိလိုသောအချက်များကို မေးမြန်းစိစစ် ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် နတ်မောက်မြို့နယ်သို့ရောက်ရှိခိုက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရာတိုးတက်ကြောင်း၊ ဒေသခံပြည်သူများ လူနေမှုဘဝ၊ စီးပွားရေးဘဝမြင့်မားတိုးတက်ရေးတို့အတွက် ဆောင်ရွက်ပေးသင့် ပေးထိုက်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများ အနေဖြင့်

စာမျက်နှာ ၁၀ ကော်လံ ၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ပွင့်ဖြူချည်မျှင်နှင့်အထည်စက်ရုံ တည်ဆောက်ရေးလုပ်ငန်း ပင်မအဆောက်အအုံပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇွန် ၂၀ရက်က နတ်မောက်မြို့ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ဇပဟိုမှမြို့နယ်အထိ ကွင်းဆင်းဖြည့်ဆည်းပေးခဲ့သောလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် မိမိဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည်များကို မပြတ်လေ့လာပြီး မိမိတို့အဆင့်နှင့်ဆောင်ရွက်နိုင်သည်များကို ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ကြပြီး မိမိတို့အဆင့်ဖြင့်ဆောင်ရွက်နိုင်စွမ်းမရှိသည့်လုပ်ငန်းများကို မိမိအထက်ဌာနသို့ ကျိုးကြောင်းဖော်ပြ တင်ပြသွားကြရန်လိုကြောင်း၊ ထို့ပြင် သူ့တာကိုယ့်တာ မခွဲခြားဘဲ စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းအကောင်အထည်ဖော်မှုများပြုလုပ်ပြီး စဉ်ဆက်မပြတ် ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နတ်မောက်မြို့နယ်၏ စိုက်ပျိုးရေးအခြေအနေများကို လေ့လာပါက ဆည်ရေကိုအသုံးချပြီး စိုက်ပျိုးနိုင်မှုနည်းပါးလျက်ရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ဆည်ရေသောက်ဧရိယာများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများကို စူးစမ်းလေ့လာ ညှိနှိုင်းတင်ပြဆောင်ရွက်သွားကြရန်လိုကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရန်မှာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် အဓိကကျကြောင်း၊ မြို့နယ်ဥက္ကဋ္ဌ၏ ဦးဆောင်စီမံခန့်ခွဲမှုဖြင့် ကဏ္ဍအလိုက် ကော်မတီများဖွဲ့စည်း ဆောင်ရွက်သွားရန်လိုကြောင်း။

အသင်းအဖွဲ့များအားကိုရယူ

နတ်မောက်မြို့နယ်သည် အပူပိုင်းခြောက်သွေ့သောဒေသတွင် ပါဝင်လျက်ရှိကြောင်း၊ နိုင်ငံတော်က အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးကိုတိုးချဲ့ကာ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် စီမံချက်များချမှတ်ကာ တာဝန်ပေးဆောင်ရွက်စေလျက်ရှိကြောင်း၊ ထို့ကြောင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်တောသစ်ပင်ထိန်းသိမ်းကာကွယ်ရေး၊ တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများကို မြို့နယ်၏ဦးဆောင်စီမံခန့်ခွဲမှုဖြင့် လူမှုရေးအသင်းအဖွဲ့များ၏အားကိုရယူကာ အလေးထားဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

မြို့နယ်အတွင်းနေထိုင်ကြသူများမှာ လူမျိုးပေါင်းစုံ၊ အလွှာအသီးသီးရှိကြကြောင်း၊ ထို့ကြောင့် နေရာဒေသနှင့်အခြေအနေများကို မှန်ကန်စွာသုံးသပ်ပြီး အလွှာပေါင်းစုံအတွက် အကျိုးပြုနိုင်အောင် ဆောင်ရွက်သွားတတ်ရန်လိုကြောင်း၊ မှန်ကန်သည့်စီမံခန့်ခွဲမှုဖြင့် မြို့နယ်တစ်ခုလုံး၏အုပ်ချုပ်ရေးယန္တရားကို ကျေးလက်ဒေသများပါမကျန် ဖြန့်ကြက်ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နတ်မောက်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံတို့ကို မြို့နယ်ပညာရေးမှူးအားပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် နတ်မောက်မြို့ အခြေခံပညာအထက်တန်းကျောင်း Computer Room, Computer Aided Instruction, Visual Presenter Room, Audio Room နှင့် Study Room တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နတ်မောက်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်းနှင့် လူနာဆောင်တို့ကိုကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာမျိုးခင်နှင့် တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းကြသည်။ ထို့နောက် ဆေးရုံတိုးချဲ့ဆောက်တည်ဆောက်မည့်နေရာကို ကြည့်ရှုသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နတ်မောက်မြို့ အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းရီနှင့် ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး ကျောင်း၏ပညာရေးကဏ္ဍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဒေသခံများကြိုဆို

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့မှတစ်ဆင့် ရေနံချောင်းမြို့သို့ ရောက်ရှိကြရာ ရေနံချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောင်းခန်းမ၌ ရေနံချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအင်ကြူက မြို့နယ်၏ တည်နေရာနှင့်အကျယ်အဝန်း၊ လူဦးရေ၊ မိုးရွာသွန်းမှု၊ စိုက်ပျိုးမြေဧက၊ မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ အဓိကသီးနှံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇွန် ၂၀ရက်က အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ပွင့်ဖြူချည်မျှင်နှင့်အထည်စက်ရုံ စီမံကိန်းပင်မအဆောက်အအုံအတွင်း စက်များတပ်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၁၀ မျိုး စိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ပန်းတိုင်အထွက်နှုန်း ရရှိအောင် ဆောင်ရွက်နေမှု၊ ဒေသဝမ်းစာ ဆီ၊ပဲဖူလုံမှု၊ ပညာရေး၊ ကျန်းမာရေးဆောင်ရွက်ချက်၊ ကျေးလက် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးလုပ်ငန်း၊ မြို့နယ်စည်ပင်သာယာရေး လုပ်ငန်းဆောင်ရွက်ချက်၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ ကာကွယ်တောများ ထိန်းသိမ်းခြင်းလုပ်ငန်း၊ စိုက်ပျိုးရေရရှိရေးဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဒေသဖွံ့ဖြိုးရေးဖြည့်ဆည်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြသည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ မြို့နယ်၏ အကွက်ချမြေပုံတွင် ကြည့်ရှုစစ်ဆေးကာ အမှန်တကယ်လိုအပ်မှုများကို ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ရေနံချောင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကိုဖြည့်ဆည်းပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ မြို့နယ်အတွက် အဓိကလိုအပ်ချက်ဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး၊ ကာကွယ်တောများ ထိန်းသိမ်းရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးတို့အတွက် လိုအပ်ချက်များကို ယခုပင် ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

မြို့နယ်မှ တာဝန်ရှိသူများ၏ တင်ပြချက်များကို ဆန်းစစ်ကြည့်ပါက ဌာနဆိုင်ရာအချို့၏ လုပ်ငန်းများတာဝန်ယူမှုအပိုင်းနှင့် အာရုံစူးစိုက် ဆောင်ရွက်မှုအပိုင်းတို့တွင် အားနည်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း။

အလေးထားဆောင်ရွက်

နိုင်ငံတော်က စီမံခန့်ခွဲမှုယန္တရားများကို ဇပဟိုမှ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်အထိ စနစ်တကျဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ကြောင်း၊ စီမံခန့်ခွဲမှုယန္တရားကို မှန်မှန်ကန်ကန်လည်ပတ်နိုင်ရေးမှာ အုပ်ချုပ်ရေးတာဝန်ထမ်းဆောင်နေကြသော တာဝန်ရှိသူများ၏ အခန်းကဏ္ဍသည် အဓိကကျကြောင်း၊ ထို့ကြောင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဝီရိယအား၊ စေတနာအားတို့ဖြင့် မိမိတို့တာဝန်ယူရသောဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖိဖိစီးစီးအလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် မြို့နယ်အုပ်ချုပ်ရေးတာဝန်ခံများ၊ ကဏ္ဍအလိုက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ မြို့နယ်တစ်ခုလုံးဖွံ့ဖြိုးတိုးတက်ရန်မှာ ယင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံအကျဆုံး ဖြစ်ကြောင်း။

ဝိုင်းဝန်းပူးပေါင်း

ထို့ကြောင့် နိုင်ငံတော်က အလေးထားချမှတ်ပေးသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ဖိဖိစီးစီးအကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်း၊ မြို့နယ်များတွင် ဖွဲ့စည်းတာဝန်ပေးထားသော မြို့နယ် စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြစည်ပင်သာယာရေးကိုသာ တာဝန်ခံရန်မဟုတ်ဘဲ ကျေးလက်ဒေသ သောက်သုံးရေရရှိရေး၊ ကျေးလက်လမ်းများ တိုးတက်ကောင်းမွန်ရေးကိုပါ တာဝန်ယူဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ မိမိမြို့နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်နေအောင် မြို့နယ်အုပ်ချုပ်ရေးတာဝန်ခံများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရေနံချောင်းမြို့ အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအားပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရေနံချောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ Computer Aided Instruction Room, Computer Skills Room, Language Lab Audio Visual Room, Printed Media Roomᵎ၊ စက်မှုလက်မှုပြခန်းနှင့် အိမ်တွင်းမှု သင်ထောက်ကူပြခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မင်းဘူးခရိုင် ပွင့်ဖြူမြို့သို့ရောက်ရှိကြရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သိန်းထွန်း၊ မင်းဘူးခရိုင်နှင့် ပွင့်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ပွင့်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

ပညာရေး၊ ကျန်းမာရေးတင်ပြ

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဖိုးချိုက မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ဒေသခံပြည်သူများ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁*

စာမျက်နှာ ၁၀ မှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပွင့်ဖြူမြို့နယ်၏ ပညာရေး၊ ကျန်းမာရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် မြို့နယ်ရှိ တာဝန်ရှိသူများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဖိဖိစီးစီးကြိုးပမ်းဆောင်ရွက်ကြရေး၊ မြို့များ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ရေး၊ အရိပ်ရပင်၊ လေကာပင်၊ ပန်းအလှပင်များ စိုက်ပျိုးရေး၊ လမ်းများကောင်းမွန်အောင် ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးပြီး စည်ပင်သာယာဝပြောရေးအတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အောက်ခြေအထိကွင်းဆင်းပြီး ကျေးလက်နေပြည်သူများနှင့် တစ်သားတည်းနေထိုင်ကျင့်ကြံဆောင်ရွက်ရေး၊ ကျေးလက်ဖွံ့ဖြိုးမှသာ မြို့ပြများလည်း ဖွံ့ဖြိုးစည်ပင်မည်ဖြစ်၍ မိမိမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်အထိဆင်းပြီး စေတနာထားကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပွင့်ဖြူမြို့အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အစီအစဉ်အရ ကျောင်းအုပ်ဆရာကြီး ဦးစိန်ငွေနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်၍ ပွင့်ဖြူမြို့အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများကို ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲ အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Computer Skills Room, Language Lab, Computer Aided Instruction Room, Printed Media Room, Audio Visual Room, ရသ(လက်မှု၊ အိမ်တွင်းမှု၊ ပန်းချီ)ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ပွင့်ဖြူချည်မျှင်နှင့်အထည်စက်ရုံစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပင်မအဆောက်အအုံအတွင်း သွားရောက်၍ ချည်ငင်ဌာန၏ ချည်ငင်စက် (Ring Spinning Frame) ၆၂ စင် တပ်ဆင်နေမှု၊ ရက်ကန်းဌာန၌ လွန်းမဲ့ရက်ကန်းစက် (Rapier Loon) စင် ၆၀၀ တပ်ဆင်နေမှုကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းခွင်အတွင်း လိုက်လံပြသ ရှင်းလင်းကြသည်။

မကွေးမြို့ရောက်ရှိ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့သို့ပြန်လည်ရောက်ရှိကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးဆေးတက္ကသိုလ်သင်ကြားရေးဆေးရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြသည်။

ရှေးဦးစွာ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွန်းက မကွေးဆေးတက္ကသိုလ် သင်ကြားရေးဆေးရုံတည်ဆောက်ရေးစီမံကိန်းအရ တည်ဆောက်နေသော ခုတင်(၂၀၀)ဆံ့ သင်ကြားရေးဆေးရုံ၌ သွေးလှူဘဏ်နှင့်အုပ်ချုပ်မှုရုံးတို့ပါမည့် အဆောင်(A)၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ လူနာဆောင်ပါမည့် အဆောင်(B)၊ ပြင်ပလူနာဌာနနှင့် လူနာဆောင်ပါမည့် အဆောင်(C)နှင့် ခွဲစိတ်ခန်း၊ လူနာဆောင်ပါမည့် အဆောင်(D) တည်ဆောက်ရေးလုပ်ငန်းများအခြေအနေ၊ ခွဲစိတ်ဆောင်နှင့် စာသင်ခန်းမများ တည်ဆောက်ရန်စီစဉ်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

သင်ကြားရေးလုပ်ငန်းတင်ပြ

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဆေးတက္ကသိုလ်မကွေး ပါမောက္ခချုပ် ဒေါက်တာသန်းမြင့်တို့က မကွေးဆေးတက္ကသိုလ်သင်ကြားရေးဆေးရုံသစ်ကြီး၌ သင်ကြားရေးလုပ်ငန်း စတင်နိုင်မည့်အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက မကွေးဆေးတက္ကသိုလ်သင်ကြားရေးဆေးရုံ ပရဝဏ်သာယာလှပရေးဆောင်ရွက်ရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားပြီး မကွေးဆေးတက္ကသိုလ် ခုတင်(၂၀၀)ဆံ့ သင်ကြားရေးဆေးရုံ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မကွေးဆေးတက္ကသိုလ်၌ ပါမောက္ခချုပ် ဒေါက်တာသန်းမြင့်နှင့် ဆရာ ဆရာမများအား တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးဆေးတက္ကသိုလ်၌ တည်ဆောက်ပြီးစာသင်ခန်းမ နှစ်ခန်းတွဲအဆောက်အအုံနှင့် တည်ဆောက်ဆဲစာသင်ခန်းမနှစ်ခန်းတွဲ အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ နတ်မောက်ရိပ်သာသို့ ရောက်ရှိရပ်နားကြသည်။

(သတင်းစဉ်)

ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးနှင့် စေတနာရှင်များ ဆေးရုံသုံးပစ္စည်းများနှင့် အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၁

ဩစတြေးလျနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံရုံး၊ Global Aid Net Work Australia (GAiN)၊ Yeshua Net Work International Brisbane အဖွဲ့၊ St. Frence Cabrini Private Hospital Melbourne နှင့် စေတနာရှင်များက ငွေကျပ် ၁၈၇၅ သိန်းခန့်တန်ဖိုးရှိ ကျောက်ကပ်ဆေးစက်အလုံး ၄၀၊ လူနာသုံးဟိုက်ဒရောလစ်ခုတင် ၆၂ လုံးနှင့် အခြားဆေးရုံသုံးပစ္စည်းမျိုးစုံနှင့် အဆိုပါပစ္စည်းများသယ်ပို့ရာတွင် အသုံးပြုရန် အမျိုးသားကျန်းမာရေးကော်မတီသို့ အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ရိပ်သာ၌ ကျင်းပသည်။

ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက ဆေးရုံသုံးပစ္စည်းများနှင့် အမျိုးသားကျန်းမာရေးကော်မတီသို့ လှူဒါန်းငွေများကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်ထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် အလှူရှင်များတက်ရောက်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ရှေးဦးစွာ ဩစတြေးလျနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံရုံးမှ သံမှူးကြီးဦးကျော်အေးက ဆေးရုံသုံးပစ္စည်းများနှင့် အဆိုပါပစ္စည်းများသယ်ပို့ရာတွင်အသုံးပြုရန် သံမှူးကြီးဦးကျော်အေးနှင့် စေတနာရှင်များက အမျိုးသားကျန်းမာရေးကော်မတီသို့ လှူဒါန်းသည့်အလှူငွေကျပ်သိန်း၁၀၀ တို့ကို ပေးအပ်ရာ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကိုပေးအပ်သည်။

ယင်းနောက်အလှူရှင်များကိုယ်စား ဩစတြေးလျနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံရုံးမှ သံမှူးကြီး ဦးကျော်အေးက ဆေးရုံသုံးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက ဆေးရုံသုံးပစ္စည်းများနှင့် အမျိုးသားကျန်းမာရေးကော်မတီသို့ လှူဒါန်းငွေများကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်ထံ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းသို့ ဩစတြေးလျနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံရုံးမှ သံမှူးကြီး ဦးကျော်အေးက ဆေးရုံသုံးပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ သဘာပတိအဖွဲ့ဝင်များနှင့်စာတမ်းရှင်များတွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၂၁

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ သဘာပတိအဖွဲ့ဝင်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ စာတမ်းရှင် ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်း ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်း၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေး

ညှိနှိုင်းဆွေးနွေးပွဲတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက အမှာစကားပြောကြားပြီး တက်ရောက်ကြသူများက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းရန် စာတမ်းပြုစုရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ညှိနှိုင်းဆွေးနွေးပွဲကို မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ သဘာပတိအဖွဲ့ဝင်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ စာတမ်းရှင်ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ကံ့ကော်ပင်စိုက်ပျိုး

ရန်ကုန် ဇွန် ၂၁

၂၀၀၄ ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်၍ "သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့" ဆောင်ပုဒ်နှင့်အညီ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ သာကေတမြို့နယ် သန်လျင်တံတားအနီးရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်ပြီး သတ်မှတ်နေရာတွင် ကံ့ကော်ပင်ကို စိုက်ပျိုးသည်။

တက်ရောက်

အခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ အကြံပေးပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ တာဝန်ခံများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ၂၀၀၄ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ၌ သာကေတမြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာတွင် ကံ့ကော်ပင်ပျိုကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ၂၀၀၄ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ၌ သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ကံ့ကော်ပင်ပျိုကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ကံ့ကော်ပင်စိုက်ပျိုး

အစီအစဉ်အရ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို သတ်မှတ်နေရာ အသီးသီးတွင်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ကံ့ကော်ပင်ပျိုကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ပါမောက္ခဒေါက်တာ ဒေါ်မေမေရီ၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်းတို့က ကံ့ကော်ပင်ပျိုကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဒုတိယဝန်ကြီးများက ကံ့ကော်ပင်ပျိုကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အကြံပေးပုဂ္ဂိုလ်များက ကံ့ကော်ပင်ပျိုများကို လည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက ကံ့ကော်ပင်ပျိုကိုလည်းကောင်း အသီးသီး စိုက်ပျိုးကြသည်။

ထို့အပြင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အဖွဲ့ဝင်များ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ခရေ၊ ကံ့ကော်၊ ပုန်းညက်၊ ပျဉ်းကတိုး၊ ပိတောက်၊ ပျဉ်းမ၊ ငုရွှေဝါ၊ ရေတမာ၊ စွယ်တော်၊ သရက်၊ ပိန္နဲပင်များကို လမ်းဘေးဝဲယာတစ်လျှောက်နှင့် သတ်မှတ်နေရာ အသီးသီး၌ စိုက်ပျိုးကြသည်။

လှည့်လည်ကြည့်ရှု

သစ်ပင်စိုက်ပျိုးပွဲတော်အပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တိုင်းရင်းသားကျေးရွာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

၂၀၀၄ ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ဦးဆောင်၍ "သက်ရှိလောကတည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့" ဆောင်ပုဒ်နှင့်အညီ ယမန်နေ့ကကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်တွင် အရိပ်ရပင်များဖြစ်ကြသည့် ကံ့ကော်၊ ခရေ၊ ပုန်းညက်၊ ပျဉ်းကတိုး၊ ပိတောက်၊ ပျဉ်းမ၊ ငုရွှေဝါ၊ ရေတမာ၊ စွယ်တော်ပင်များနှင့် စားပင်များဖြစ်ကြသည့် သရက်၊ ပိန္နဲပင်များအပါအဝင် စုစုပေါင်း သစ်ပင် ၅၀၀ကို စိုက်ပျိုးကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ၂၀၀၄ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ၌ သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာတွင် ကံ့ကော်ပင်ပျိုကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ပြည်သူလိုလားသော ရဲတပ်ဖွဲ့ဖြစ်ရေးကြိုးပမ်း နိုင်ငံတော်နှင့်ပြည်သူကို အလုပ်အကျွေးပြု

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီသည် ဦးစီးအရာရှိများနှင့်အတူ ဇွန် ၁၄ရက် နံနက်ပိုင်းက ပြင်ဦးလွင် ရဲစခန်းသို့ရောက်ရှိပြီး ဗဟိုကင်းတပ်ဖွဲ့ လိုင်းခန်းများ၊ အခြေခံစားကုန်အရောင်းဆိုင်များကိုလှည့်လည်စစ်ဆေးသည်။ ထို့နောက် ပြင်ဦးလွင် ခရိုင်ရုံးအစည်းအဝေးခန်းမ၌ တပ်ဖွဲ့ဝင်မိသားစု ၄၀အား ပြည်သူတို့က လိုလားသော ရဲတပ်ဖွဲ့ဖြစ်ရေး၊ နိုင်ငံတော်နှင့် ပြည်သူ့အတွက် အလုပ်အကျွေးပြုရေး၊ ၂၀၀၄ခုနှစ်တွင် အနှစ်သာရပြည့်ဝသော ရဲတပ်ဖွဲ့ဖြစ်စေရေးတို့အတွက် အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ရဲချုပ်သည် ဇွန်လ ၁၅ရက် နံနက်ပိုင်း၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာနအစည်းအဝေးခန်းမ (၁)တွင် ဗဟိုလေ့ကျင့်ရေးဌာန ဒုတိယကျောင်းအုပ်ကြီး၏ ဦး/ရေး/ထောက် ဆိုင်ရာများ လျာထားသင်တန်းများဆိုင်ရာ တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားသည်။ ထို့နောက် ဆောက်လုပ်ဆဲအဆောက်အအုံများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအရောင်းဆိုင်၊ အခြေခံစားသောက်ကုန်ဆိုင်များ၊ သင်တန်းသားအရာရှိ နှစ်ထပ်ဆောင် ဆောက်လုပ်ပြီးစီးမှုတို့ကို စစ်ဆေးသည်။

ရဲချုပ်သည် ဇွန်လ ၁၆ရက်နေ့တွင် မိုးကုတ်ရဲစခန်းနှင့် နှစ်ထပ်ခြောက်ခန်းတွဲဆောက်လုပ်မည့် မြေနေရာကိုလည်းကောင်း၊ ရဲတပ်ဖွဲ့အချုပ်ထောင်ရဲကင်းကိုလည်းကောင်း လှည့်လည်စစ်ဆေးသည်။ **(သတင်းစဉ်)**

SHARP အရောင်းပြခန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၁

SHARP Roxy Sale (S) Pte, Ltd. နှင့် Ambur Electronic တို့ ပူးပေါင်း ဖွင့်လှစ်သည့် SHARP အရောင်းပြခန်းဖွင့်ပွဲ အခမ်းအနားကို ဇွန်၁၉ရက် နံနက် ၈နာရီခွဲက မဟာဗန္ဓုလပန်းခြံလမ်း အမှတ်(၁၂၂)ရှိအဆိုပါ အရောင်းပြခန်း၌ ကျင်းပသည်။

ရေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ SHARP Roxy Sales S'pore မှ Mr. Hiroyuki Nuizato၊ Ambur Electronic မှ ဌာနေကိုယ်စားလှယ် Mr. Steven Sng၊ SHARP Asian Operation မှ CEO Mr. M. Fujiki နှင့် SHARP Roxy S'pore မှ GM. Mr. S. Marusue တို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အရောင်းပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

အလှူငွေများလှူဒါန်း

ထို့နောက် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ရေသန့်စက်တပ်ဆင်ရန်အတွက် အလှူငွေကျပ် ၁၅သိန်းကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ SHARP Asian Operation မှ CEO Mr. M. Fujiki က ပေးအပ် လှူဒါန်းသည်။ **(ဓာတ်ပုံ)**

အဆိုပါ SHARP အရောင်းပြခန်းတွင် LCD TV များ၊ Plasmacluster အိမ်သုံးပစ္စည်းများ၊ Solar Cell၊ DVD၊ VCD၊ Theatre PROJECTOR၊ Digital Video Camera၊ Hi-Fi ကက်ဆက်များ၊ ရေခဲသေတ္တာများ၊ အဝတ်လျှော်စက်များ၊ လေအေးပေးစက်များ၊ Micro Wave များ၊ ဖုန်စုပ်စက်များ၊ လေသန့်စက်များ၊ ရေငွေ့ထိန်းစက်များကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချသွားမည် ဖြစ်သည်။

(သတင်းစဉ်)

■ ကျောဖုံးမှ

အီတလီနှင့်ဘူဂေးရီးယား

အုပ်စု(ဂ)မှ အသင်းများနှစ်ပွဲစီ ကစားပြီးသွားချိန်တွင်အီတလီအသင်း၏ အနေအထားမှာ အုပ်စုတက်မှတက်ပါ့မလားဟု စိုးရိမ်စရာဖြစ်နေသည်။ အီတလီအသင်းသည် အုပ်စုနောက်ဆုံးပွဲ၌ ဘူဂေးရီးယားကို နိုင်ခဲ့သည့်တိုင် ဆွီဒင်အသင်းနှင့် ဒိန်းမတ်အသင်းတို့ နှစ်ဂိုးစီသရေ သော်လည်းကောင်း၊ သုံးဂိုးစီ သရေသော်လည်းကောင်း ဖြစ်ခဲ့လျှင် အီတလီအုပ်စုမှ ထွက်သွားရမည်ဖြစ်သည်။

အီတလီအသင်း၏ ရှေ့ခရီးမှာ ဆွီဒင်အသင်း အပေါ်တွင် ၅၀ရာခိုင်နှုန်းမှုတည်နေသည်။ ဆွီဒင်အသင်းသည်လက်ရှိအနေအထားတွင် အသားတင်ငါးဂိုးရရှိထား၍ ဒိန်းမတ်ကဲ့သို့ ရှုံးခဲ့သည့်တိုင် ဂိုးမပြတ်လျှင် အုပ်စုတက်ရန်သေချာနေသည်။ အီတလီအသင်း၌ အသားတင်ဂိုးမရှိ၍ ဘူဂေးရီးယားကိုနိုင်သည့်တိုင် ဆွီဒင်ကဲ့သို့ ငါးဂိုးပြတ်နိုင်မှ ဖြစ်ပေလိမ့်မည်။ ဒိန်းမတ်က လက်ရှိအနေအထားတွင် အသားတင်နှစ်ဂိုးရနေသည်။

ဘူဂေးရီးယား

ဘူဂေးရီးယားအသင်းသည် ခြေအညံ့ကြီးမဟုတ်သော်လည်း ကစားသမားများ ခပ်ကြမ်းကြမ်းကစားတတ်ပြီး စိတ်ဓာတ်တည်ငြိမ်မှုမရှိခြင်းကြောင့် ဤမျှရုပ်ပျက်ဆင်းပျက် ရှုံးပွဲဆက်ခဲ့ရခြင်းဖြစ်သည်။ ဆွီဒင်နှင့် ဘူဂေးရီးယားပွဲတွင် ပထမပိုင်း၌တစ်ဂိုးသာ အသွင်းခံခဲ့ရပြီး ဒုတိယပိုင်းရောက်မှ လေးဂိုးအသွင်းခံရခြင်းဖြစ်သည်။ ဘူဂေးရီးယားအသင်းသည် ပွဲပြီးခါနီးတွင် အာရုံစူးစိုက်မှုနည်းကာ ဂိုးပေးရလျှင် ကစားကွက်မတည်နိုင်ဘဲဖြစ်သွားတတ်သည်။

ဘူဂေးရီးယား နောက်တန်းသည် အားနည်းပြီး စုစည်းကျစ်လျစ်မှု မရှိသောကြောင့် တိုက်စစ်မှူးများ ဂိုးသွင်းရန် အခွင့်အရေးပိုရှိသည်။ တစ်ဖက်အသင်းကနေရာစုံမှ ထိုးဖောက်လာလျှင် တောင့်မခံနိုင်ဘဲဖရိုဖရဲဖြစ်သွားသည်။ ဒိန်းမတ်အသင်းက ပွဲချိန်မိနစ် ၉၀ တွင် ဒုတိယဂိုးထပ်ရသွားသည်မှာ ဘူဂေးရီးယားတို့ စိတ်မထိန်းနိုင်ဘဲ ခပ်ကြမ်းကြမ်း ကစားမိသည့် အကျိုးဆက်ပင်ဖြစ်သည်။

ဘူဂေးရီးယား နည်းပြဆရာ ပလာမန်မာကော့ဗ်က ယခုကဲ့သို့ အုပ်စုမှ စောစောစီးစီး ထွက်ခဲ့ရခြင်းမှာ ကစားသမားများ ကစားပုံညံ့ဖျင်း၍ဖြစ်ကြောင်း ဝေဖန်ပြောကြားခဲ့သည်။ ဘူဂေးရီးယားအသင်းသည် ဆွီဒင်နှင့်ပွဲတွင် ကစားသမားလေးဦး အဝါကတ်ထိခဲ့ပြီး ဒိန်းမတ်နှင့်ပွဲတွင်ကစားသမား ခြောက်ဦး အဝါကတ်ထိကာ အနီကတ်ဖြင့် တစ်ဦးထွက်ခဲ့ရသည်။

အီတလီနိုင်မည်

အုပ်စု(က)မှ ရုရှားက ဂရိကို အနိုင်ကစားသွားသလို ရှုံးထွက်၊ နိုင်ထွက် ဘူဂေးရီးယားက အီတလီကို ဖျက်မြင်းလုပ်ပြီး အနိုင်ကစားသွားမလားဟု မေးစရာရှိသည်။ အီတလီနှင့် ဘူဂေးရီးယားပွဲတွင် သရေပင်မကျနိုင်ဘဲ အနိမ့်ဆုံးအီတလီက နှစ်ဂိုးအထက်သွင်းမည်ဟု စာရေးသူတွက်ဆမိသည်။ ဂရိကရုရှားကို ရှုံးခဲ့သည်မှာ အုပ်စုတက်ရန်သေချာနေသည့်အချက်ကိုထည့်တွက်ရမည်ဖြစ်သည်။

အီတလီက ဘူဂေးရီးယားထက် ခြေစွမ်းအပုံကြီးသာသလို အုပ်စုတက်ရေးအတွက် ဂိုးများများ သွင်းရမည့် အနေအထားဖြစ်နေရာ ပွဲအစအဆုံးတင်ကစားပြီး ဂိုးပြတ်နိုင်ရန် အခြေအနေရှိသည်။

အိမ်ရှင်ပေါ်တူဂီနှင့် စပိန်ပွဲတွင် ပေါ်တူဂီအသင်းမှ အထူးအားထားရသော ခရစ္စတီယာနိုရော်နယ်ဒို(၁၇)၏ ထိုးဖောက်ကစားဟန်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

ဒိန်းမတ်နှင့် ဆွီဒင်

အီတလီအုပ်စုတက်မတက်ဆိုသည့် အချက်မှာ ဒိန်းမတ်နှင့် ဆွီဒင်ပွဲ အဖြေအပေါ် အဓိကမူတည်နေသည်။ ဘူဂေးရီးယားကို အီတလီကနိုင်ရန် သေချာနေရာ ဒိန်းမတ်နှင့် ဆွီဒင်နှစ်ဂိုးစီသရေ သို့မဟုတ် သုံးဂိုးစီ သရေရလဒ်မျိုး မဖြစ်ဖို့အရေးကြီးသည်။ ဒိန်းမတ်နှင့် ဆွီဒင် နှစ်ဂိုးစီသရေကျဖို့ဆိုသည်မှာ ဖြစ်နိုင်ချေနည်းကြောင်း၊ တစ်သင်းသင်း အနိုင်ရအောင် ကစားမည်ဟု မျှော်လင့်ကြောင်း၊ နှစ်သင်းစလုံး အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် ကစားကြစေလိုကြောင်း အီတလီဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ပွဲကြို ပြောကြားခဲ့သည်။

အီတလီတိုက်စစ်မှူးဒယ်လ်ပီယာရိုကလည်း ဆွီဒင်ကို သရေကျခဲ့သော်လည်း ထိုခြေစွမ်းမျိုးအတိုင်း ဆက်ကစားနိုင်လျှင် ကွာတားဖိုင်နယ် တက်နိုင်ကြောင်း၊ မိမိတို့က ဘူဂေးရီးယားကိုအနိုင်ရမှာဖြစ်ပြီး ဒိန်းမတ်နှင့် ဆွီဒင် နှစ်ဂိုးစီသရေမဖြစ်ဘဲ ဂိုးမရှိသရေဆိုလျှင် အကောင်းဆုံးဖြစ်ကြောင်း၊ နှစ်ဂိုးစီသရေ သို့မဟုတ် သုံးဂိုးစီသရေကျခဲ့လျှင် သူတို့ညှိကစားခြင်းဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။

ဆွီဒင်အသင်း

ဆွီဒင်အသင်းသည် တစ်ဦးချင်းရော အသင်းလိုက်ပါ ကောင်းပြီး ပရိသတ်စွဲအောင် ကစားပြနိုင်သည်။ ဆွီဒင်အသင်း၏ ကစားဟန်ကို အချို့က စကင်ဒီနေးဗီးယား ဘရာဇီးဟုပင် တင်စားရေးသားကြသည်။ စိတ်ဓာတ်မာကျောပြီး ခြေစွမ်းရှိသမျှ ရေကုန်ရေခန်း ကစားတတ်မှုသည် ဆွီဒင်အသင်း၏ ထူးခြားချက်ဖြစ်နေသည်။ အဆိုပါ အချက်ကြောင့်ပင် ယူရို ၂၀၀၄ ၌ အကောင်းဆုံး ခြေစွမ်းပြနိုင်သည့် အီတလီကို ချေပဂိုးသွင်းပြီး သရေကျခဲ့ခြင်းဖြစ်သည်။ ၁၉၉၄ ခုနှစ် အမေရိကန်ကမ္ဘာ့ဖလားပွဲတွင်တတိယ ရရှိခဲ့သော ဆွီဒင်အသင်း၏ ခြေစွမ်းမျိုးကို ယူရို ၂၀၀၄ တွင် ပြန်လည်ပြသလျက်ရှိသည်။

ဆွီဒင်အသင်းမှ ယွန်းဘတ်၊ အီဘရာဟီမိုဗစ်၊ လာဆင်နှင့် အန်ဒါဆင် တို့နှစ်ပွဲစလုံး ခြေစွမ်းပြကစားခဲ့သည်။ ယွန်းဘတ်ဆိုလျှင် အာဆင်နယ်၌ကစားသည်ထက်ပင်ပို၍ ခြေစွမ်းပြနိုင်သည်ကို တွေ့ရသည်။ ဆွီဒင်၏ ခြေစွမ်းမှာ ခြေကုန်ထုတ်ကစားလျှင် ဒိန်းမတ်ကိုအနိုင်မရစရာအကြောင်းမရှိပေ။ စဉ်းစားစရာရှိသည်မှာ ဆွီဒင်တို့ သရေဆိုလျှင်ဖြစ်၍ ခြေကုန်ထုတ်ကစားပါ့မလားဟူသော အချက်ပင်။ တိုက်စစ်မှူး အီဗရာဟီမိုဗစ်က မိမိတို့ အမြဲတမ်း အနိုင်ရရှိရေး ဦးတည်ကစားခဲ့ကြောင်း၊ ယူရို၂၀၀၄ပြိုင်ပွဲ၌ သရေဆိုလျှင် တော်ပြီဟု လုပ်၍မရနိုင်ကြောင်း ပြောကြားခဲ့သည်။

ဒိန်းမတ်အသင်း

ဒိန်းမတ်အသင်း၏ ခြေသည် မှန်းဆရခက်သည်ဖြစ်ရာ ဆွီဒင်ကို အနိုင်ကစားသွားလျှင်လည်း အံ့သြစရာတော့မဟုတ်ပေ။ မိခင်ကွယ်လွန်ပြီးနောက် ပေါ်တူဂီသို့လိုက်လာသော ဂရွန်ဂျာ(ချယ်လ်ဆီး)သည် ဘူဂေးရီးယားနှင့်ပွဲတွင် လူစားဝင်ကစားပြီး တစ်ဂိုးသွင်းယူပေးခဲ့သည်။ ဂရွန်ဂျာ ခြေစွမ်းပြပြီး တစ်ဂိုးသွင်းနိုင်ခဲ့ရာ ဆွီဒင်နှင့်ပွဲတွင် ပွဲအပြည့်ကစားသွားဖွယ်ရှိသည်။ ဒိန်းမတ်အသင်းတွင် ပွဲပယ်ခံထားရသူမရှိဘဲ လူစုံပွဲထွက်လာဖွယ်ရှိသည်။

ဆွီဒင်နိုင်မည်

ဒိန်းမတ်သည် ပါဝါကောင်းပြီး အကွက်ကျဲကစားတတ်သည်။ ဆွီဒင်က အကွက်စိပ်စိပ်ဖြင့် တစ်ဦးချင်း ကျွမ်းကျင်မှုဦးစားပေး ကစားတတ်သည်။ ဒိန်းမတ်က ကစားပုံနှေးပြီး တိုက်စစ်ဆင်ရာ၌ အချိန်ယူရသည်။ ဆွီဒင်က လျင်မြန်ပြီး ဘောလုံးရလျှင် ရှေ့သို့ခပ်မြန်မြန်ပေးကစားသည်။ ဒိန်းမတ်နှင့် ဆွီဒင် အမှန်အကန်ကစားကြမည်ဆိုလျှင် အဝါရောင်ဆွီဒင်တို့က အနိုင်ရပြီး ကွာတားဖိုင်နယ်တက်သွားမည်ကို စာရေးသူ ကြိုတင်မြင်ယောင်နေမိပေသည်။ ။ **(မြန်မာ့အလင်း)**

သတ္တမအကြိမ် အရှေ့တောင်အာရှကာယဗလပြိုင်ပွဲ မြန်မာအားကစားအဖွဲ့ ရွှေတံဆိပ်နှစ်ခု၊ ငွေတစ်ခုရရှိ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၁

သတ္တမအကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလပြိုင်ပွဲကို ဇွန် ၁၉ ရက်က အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပရာ မြန်မာနိုင်ငံ ကာယဗလအဖွဲ့ချုပ် ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်း



၈၅ ကီလိုတန်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရမင်းဇော်ဦး(မြို့တော်စည်ပင်)။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရေးမှူး ဗိုလ်မှူးကြီးမြင့်အောင် ဦးဆောင်သော မြန်မာကာယဗလအားကစားသမား သုံးဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ ၈၅ ကီလိုတန်းတွင် အရှေ့တောင်အာရှချန်ပီယံ မင်းဇော်ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပထမရွှေတံဆိပ်ဆုကို နိုင်ငံအတွက် ရယူပေးခဲ့သည်။ ၇၀ ကီလိုတန်းတွင် မြန်မာနိုင်ငံမှ အောင်ခိုင်ဝင်းက ပထမရွှေတံဆိပ်ဆုကို ဆွတ်ခူးပြီး ၅၅ကီလိုတန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဇော်ဝမ်းက ဒုတိယငွေတံဆိပ်ဆုကို ရယူပေးသည်။ အသင်းလိုက်ပြိုင်ပွဲတွင် ပထမ စင်ကာပူ၊ ဒုတိယ ဗီယက်နမ်၊ တတိယမြန်မာတို့ရရှိပြီး မြန်မာကာယဗလအဖွဲ့ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု နိုင်ငံအတွက် ရယူပေးနိုင်ခဲ့သည်။

မင်းဇော်ဦး

၈၅ကီလိုတန်း ပထမရွှေတံဆိပ်ရှင် မင်းဇော်ဦးသည် ယင်းဆုအပြင် အကောင်းဆုံးကာယဗလသမား Best Bodybuilderဆုနှင့် မစ္စတာ ဘာလီ ၂၀၀၄ (Mr. Bali, 2004) ဆုများကိုလည်း ထပ်မံဆွတ်ခူးခဲ့သည်။ ရွှေတံဆိပ်ရှင် မင်းဇော်ဦးသည် ၁၉၉၁ ခုနှစ်မှစ၍ ကာယဗလမောင်အဖြစ် စတင်လေ့ကျင့်ပြီး ပြည်တွင်းပြိုင်ပွဲများတွင် ပထမဆုများချိတ်နိုင်ကာ နိုင်ငံတကာ ပြိုင်ပွဲများအနေဖြင့် ဗီယက်နမ်နိုင်ငံတွင်ကျင်းပသည့် အရှေ့တောင်

၇၀ ကီလိုတန်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ အောင်ခိုင်ဝင်း (မြို့တော်စည်ပင်)။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

အာရှအားကစားပြိုင်ပွဲကာယဗလပြိုင်ပွဲ ၈၀ကီလိုတန်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိထားသူ လူငယ်တစ်ဦးဖြစ်သည်။

အောင်ခိုင်ဝင်း

ရွှေတံဆိပ်ရှင်အောင်ခိုင်ဝင်းသည် ကာယဗလလောကသို့ ၂၀၀၁ခုနှစ်တွင် ရောက်ရှိလာပြီး ပြည်တွင်း ပြည်ပပြိုင်ပွဲအတွေ့အကြုံများရရှိထားသည်။ ၂၀၀၂ ခုနှစ်၊ ၂၀၀၃ ခုနှစ်အမျိုးသား ဇာတ်ရုံတွင်ကျင်းပသည့် မောင်မြန်မာပြိုင်ပွဲများတွင် ပထမရွှေတံဆိပ်ဆု နှစ်ခုကို ထပ်မံရရှိထားသူဖြစ်သည်။

ပြည်ပပြိုင်ပွဲများအနေဖြင့် ၂၀၀၁ ခုနှစ် ရန်ကုန်တွင် ကျင်းပသည့် (၅၅)ကြိမ်မြောက် ကမ္ဘာ့တံခွန်စိုက် ကာယဗလမောင်ပြိုင်ပွဲတွင် စတင်ယှဉ်ပြိုင်ခဲ့ရာ အဆင့်(၅)ရရှိပြီး၊ ၂၀၀၃ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ၇၀ ကီလိုတန်း၌ တတိယဆုကိုဆွတ်ခူးထားသူ ဖြစ်သည်။ ယခု သတ္တမအကြိမ် အရှေ့တောင်အာရှကာယဗလပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိပြီး တိုးတက်မှုရှိသော လူငယ်တစ်ဦး ဖြစ်သည်။

ဇော်ဝမ်း

ဇော်ဝမ်းသည်ကာယဗလလောကသို့ ၁၉၉၇ခုနှစ်တွင် ရောက်ရှိပြီး ၂၀၀၀ပြည့်နှစ်တွင် ရန်ကုန်၌ ကျင်းပသည့် မောင်မြန်မာအငယ်တန်း ပထမဆုရရှိပြီး ၂၀၀၂ခုနှစ် မောင်မြန်မာ



၅၅ ကီလိုတန်းပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ ဇော်ဝမ်း (မြို့တော်စည်ပင်)။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

၇၀ကီလိုအောက်ပြိုင်ပွဲ တတိယနှင့် ၂၀၀၃ခုနှစ်မောင်မြန်မာအလွတ်တန်းပြိုင်ပွဲတွင် ဒုတိယဆုကိုရရှိခဲ့သည်။ ပြည်ပပြိုင်ပွဲအနေဖြင့် ဗီယက်နမ်နိုင်ငံတွင်ကျင်းပသည့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ၅၅ကီလိုတန်းတွင် ငွေတံဆိပ်ဆုကို ရယူထားသည်။ ယခု ကျင်းပသည့် သတ္တမအကြိမ်မြောက် အရှေ့တောင်အာရှကာယဗလပြိုင်ပွဲတွင် ထပ်မံ၍ ငွေတံဆိပ်ဆု ဆွတ်ခူးသူလူငယ်တစ်ဦး ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

အိမ်ရှင်ပေါ်တူဂီအုပ်စုပထမဖြင့် ကွာတားတက်ပြီ ဂရိက ရုရှားကိုရှုံးသော်လည်း အုပ်စုဒုတိယရရှိ

ရန်ကုန် ဇွန် ၂၁

၂၀၀၄ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ(Euro 2004) ကို ပေါ်တူဂီနိုင်ငံ၌ ဆက်လက်ကျင်းပလျက်ရှိရာ အုပ်စု(က)ပွဲစဉ်များပြီးဆုံးသွားပြီဖြစ်သည်။ အုပ်စု(က)နောက်ဆုံးပွဲစဉ်များအဖြစ် ဇွန် ၂၁ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၁၅မိနစ်တွင် အိမ်ရှင်ပေါ်တူဂီအသင်းနှင့် စပိန်အသင်းတို့ယှဉ်ပြိုင်ကစားရာပေါ်တူဂီအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားပြီး ရုရှားအသင်းနှင့် ဂရိအသင်း ပွဲစဉ်တွင် ရုရှားအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အိမ်ရှင်အနိုင်ရ

အိမ်ရှင်ပေါ်တူဂီအသင်းသည် အနိုင်ရရှိမှသာအုပ်စုတက်မည်ဖြစ်၍ ပွဲစသည်နှင့် စပိန်အသင်းကို ဖိအားပေးကစားခဲ့သည်။ ပေါ်တူဂီအသင်းတွင် ခရစ္စရီယာနိုရော်နယ်ဒိုကို ပွဲအစမှာပင်ထည့်သွင်းကစားသွားသည်။

ပေါ်တူဂီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒုတိယပိုင်းတွင် ပေါ်လက်တာအစား လူစားဝင်လာသည့် နူနိုဂိုမက်စ်က ပွဲချိန် ၅၇မိနစ်တွင် သွင်းယူခဲ့ခြင်း ဖြစ်သည်။ လူးဝစ္စဖီဂိုပေးပို့သည့် ဘောလုံးကို ပယ်နယ်တီဧရိယာအစပ်မှ စပိန်နောက်တန်းလူကို တစ်ချက်ခေါက်ကာ နူနိုဂိုမက်စ်က အမှတ်မထင်ကန်သွင်းယူခြင်းဖြစ်သည်။

စပိန်အသင်းသည် သရေကျရုံနှင့် အုပ်စုတက်နိုင်သော အခွင့်အရေးရှိသော်လည်း ဆုံးရှုံးခဲ့ရသည်။ ဂရိနှင့်စပိန် (၄)မှတ်ချင်းတူညီသလို ဂိုးကွာခြားချက်ချင်းပါ တူညီနေသော်လည်း ဂရိက သွင်းဂိုးပိုများသောကြောင့် စပိန်အိမ်ပြန်သွားရခြင်း ဖြစ်သည်။

ရုရှားသိက္ခာဆယ်

ရုရှားအသင်းအတွက် ပထမဂိုးကို ပွဲစပြီး ၂မိနစ်အကြာတွင် ကီရီချင်ကိုက ဂရိနောက်တန်းလူ လူကာထားသည့်ကြားမှ အတင်းတိုးထွက်ပြီး ကန်သွင်းယူခြင်းဖြစ်သည်။ ဒုတိယဂိုးကိုပွဲချိန် ၁၇ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ဘူလီကင်က ခေါင်းတိုက် သွင်းယူပေးသည်။ ဂရိအသင်းအတွက် ချေပဂိုးကို ပွဲချိန်၄၃မိနစ်တွင် တိုက်စစ်မှူးဗရီဇတ်စ်က ရုရှားဂိုးသမားပြေးထွက်လာသည့်ကြားမှ ကန်သွင်းယူခြင်းဖြစ်သည်။

အမြန်ဆုံးဂိုး

ရုရှားအသင်းတွင် မော်စတိုဗွိုင်၊ အသင်းခေါင်းဆောင် စမာတင်နှင့် ဂိုးသမားကြီး အိုချင်နီကော့ဗ်တို့ မပါဝင်ဘဲ ရိမန်ရှုရိနော့ဗ် ပြန်လည်ပါဝင်လာသည်။ ကီရီချင်ကိုသွင်းသည့်ဂိုးသည် ယူရို ၂၀၀၄ တွင် သွင်းခဲ့ပြီးသမျှ ဂိုးများအနက် အမြန်ဆုံးဂိုးပင်ဖြစ်သည်။ **(မြန်မာ့အလင်း)**

■ အုပ်စု(က) ရပ်တည်မှုအနေအထား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁	ပေါ်တူဂီ	၃	၂	-	၁	၄	၂	၆
၂	ဂရိ	၃	၁	၁	၁	၄	၄	၄
၃	စပိန်	၃	၁	၁	၁	၂	၂	၄
၄	ရုရှား	၃	၁	-	၂	၂	၄	၃

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်အမှုဆောင်အဖွဲ့အစည်းအဝေး (၂/၂၀၀၄)တွင် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးကြီး ခင်မောင်ထွန်း(ငြိမ်း)က အဖွဲ့ချုပ်ဥက္ကဋ္ဌသစ် မြန်မာ့လက်ရွေးစင် ကရာတေးဒို အားကစားသမားဟောင်း ဒေါက်တာရဲနိုင်ဝင်းအား ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးပြီး လက်ဆွဲဂုဏ်ပြုနှုတ်ဆက်စဉ်။ (ကရာတေးဒိုအဖွဲ့ချုပ်)

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ အစည်းအဝေး

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်အမှုဆောင်အဖွဲ့အစည်းအဝေး(၂/၂၀၀၄)ကိုယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးကြီး ခင်မောင်ထွန်း(ငြိမ်း)က အမှာစကားပြောကြားသည်။

ပြင်ဆင်ဖွဲ့စည်း

ဆက်လက်၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်အမှုဆောင်အဖွဲ့ပြင်ဆင် ဖွဲ့စည်းရာတွင် ရဲမှူးကြီးခင်မောင်ထွန်း (ငြိမ်း)က နာယကအဖြစ်ပါဝင်ပြီး ဥက္ကဋ္ဌသစ်အဖြစ် မြန်မာ့လက်ရွေးစင် ကရာတေးဒို အားကစားသမားဟောင်း ဒေါက်တာရဲနိုင်ဝင်း၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးဇော်မင်း၊ ဦးနေဝင်းထွန်းနှင့်ဒေါက်တာဝင်းဇော်၊ ဘဏ္ဍာရေးမှူးဒေါက်တာကျော်ကျော်မိုး၊ တွဲဖက် ဘဏ္ဍာရေးမှူးဦးဇော်လွင်၊ စာရင်းစစ်ဦးမြင့်အောင်၊ အထွေထွေအတွင်းရေးမှူး ဦးစိုးဝင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန)၊ တွဲဖက်အတွင်းရေးမှူး ဦးထိန်ဝင်းမြင့် (ဦးစီးအရာရှိ၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန)နှင့် အမှုဆောင် ၂၂ ဦးတို့ ပါဝင်ကြသည်။

သုံးသပ်တင်ပြ

ယင်းနောက် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးထိန်ဝင်းမြင့်က အဖွဲ့ချုပ်၏ ရ/သုံး ငွေစာရင်းအခြေအနေကို ရှင်းလင်းတင်ပြပြီး ဘဏ္ဍာရေးမှူး ဦးကျော်ကျော်မိုးက၂၀၀၄ခုနှစ်အတွက် ခန့်မှန်းဘဏ္ဍာရေးလျာထားချက်ကို ပြန်လည် သုံးသပ်တင်ပြသည်။

ဆွေးနွေး

ဆက်လက်၍ ၂၀၀၄ခုနှစ်အတွင်းကျင်းပရန်လျာထားသည့် ပြည်တွင်း ပြိုင်ပွဲများကိုလည်းကောင်း၊ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ကြားထားသည့်အပြည်ပြည်ဆိုင်ရာ ကရာတေးဒို ပြိုင်ပွဲများကိုလည်းကောင်း အမှုဆောင်အဖွဲ့ဝင်များက အကြံပြု ဆွေးနွေးကြပြီး အထွေထွေကိစ္စရပ်များကိုဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ကရာတေးဒို အဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း ရဲမှူးကြီးခင်မောင်ထွန်း(ငြိမ်း)က ဥက္ကဋ္ဌသစ် ဒေါက်တာရဲနိုင်ဝင်းထံ ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက်အစည်းအဝေး သဘာပတိ မြန်မာနိုင်ငံ ကရာတေးဒို အဖွဲ့ချုပ် နာယက ရဲမှူးကြီး ခင်မောင်ထွန်း(ငြိမ်း)က နိဂုံးချုပ် အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ဂွမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၂၁

ဂွမြို့နယ်အသင်း(ရန်ကုန်)မှ စတုတ္ထအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် နိုင်ငံတော်က သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ် ပူဇော်ခြင်းခံရသော ဆပ်သွား အလယ်ရွာကျောင်း ဘဒ္ဒန္တ ဂန္ဓမာနန္ဒသက်တော်ရှည်ဆရာတော်ကြီးအား ဂုဏ်ပူဇော်ပွဲကို ဇူလိုင် ၁၁ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရွှေတိဂုံဘုရား အရှေ့မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ ဦးထွန်းအုံ ဖုန်း-၅၄၀၅၁၄၊ ဦးညွန့်ယဉ် ဖုန်း-၅၉၀၃၀၅၊ ၅၇၀၈၁၄နှင့် ဦးအောင်ကြည် ဖုန်း-၅၃၉၈၀၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၁၀၂)

ဧည့်လမ်းညွှန်များ တွေ့ဆုံပွဲတက်ရောက်နိုင်

ရန်ကုန် ဇွန် ၂၁

ဧည့်လမ်းညွှန်များ တွေ့ဆုံပွဲကို ဇွန် ၂၅ ရက်တွင် Hotel Nikko Royal Lake Yangon ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် တေးဂီတအစီအစဉ်၊ ကံစမ်းမဲအစီအစဉ်များ ပါရှိမည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၅၄၄၅၀၀ လိုင်းခွဲ-၆၆၁၁၊ ၆၆၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဓမ္မဒူတ အရှင်ဆေကိန္ဒ
ဟောကြားတော်မူသော
၁။ ဘယ်လိုပြင်လို့ နေပါ့မယ်
(ကလေးများအတွက် အထူးတရားတော် VCD)
၂။ ရေတွက်ပိုင်းခြားမဆုံးနိုင်
(တရားတော် VCD)

MMBox
MYANMAR MEDIA BOX
RICH MEDIA IN ONE BOX
Euro 2004
အထူးအစီအစဉ်
အုပ်စုနောက်ဆုံး ဘောလုံးပွဲစဉ်များအားလုံးကို MMBox မှ နေ့စဉ် ၂ ပွဲစလုံး တစ်ပြိုင်နက် တိုက်ရိုက် (Live)
ထုတ်လွှင့်ခြင်းမှ ကြိုက်နှစ်သက်ရာ ကြည့်ရှုနိုင်မည့် အစီအစဉ်များ

ရက်စွဲ	ပွဲစဉ်	အချိန်
၂၀-၆-၀၄	စပိန် - ပေါ်တူဂီ	၁၉း၄၅ (ဗြိတိသျှစံတော်ချိန်)၊ နံနက် ၁း၁၅ (မြန်မာစံတော်ချိန်)
	ရုရှား - ဂရိ	၁၉း၄၅ (ဗြိတိသျှစံတော်ချိန်)၊ နံနက် ၁း၁၅ (မြန်မာစံတော်ချိန်)
၂၁-၆-၀၄	ခရိုအေးရှား - အင်္ဂလန်	၁၉း၄၅ (ဗြိတိသျှစံတော်ချိန်)၊ နံနက် ၁း၁၅ (မြန်မာစံတော်ချိန်)
	ဆွစ်ဇာလန် - ပြင်သစ်	၁၉း၄၅ (ဗြိတိသျှစံတော်ချိန်)၊ နံနက် ၁း၁၅ (မြန်မာစံတော်ချိန်)
၂၂-၆-၀၄	အီတလီ - ဘူလ်ဂေးရီးယား	၁၉း၄၅ (ဗြိတိသျှစံတော်ချိန်)၊ နံနက် ၁း၁၅ (မြန်မာစံတော်ချိန်)
	ဒိန်းမတ် - ဆွီဒင်	၁၉း၄၅ (ဗြိတိသျှစံတော်ချိန်)၊ နံနက် ၁း၁၅ (မြန်မာစံတော်ချိန်)
၂၃-၆-၀၄	ဟော်လန် - လတ်ဗီးယား	၁၉း၄၅ (ဗြိတိသျှစံတော်ချိန်)၊ နံနက် ၁း၁၅ (မြန်မာစံတော်ချိန်)
	ဂျာမနီ - ချက်	၁၉း၄၅ (ဗြိတိသျှစံတော်ချိန်)၊ နံနက် ၁း၁၅ (မြန်မာစံတော်ချိန်)

အခြေခံပညာ အလယ်တန်း အထက်တန်း ကျောင်းသားများအတွက်
Student's Companion စာစဉ်ထုတ်ဝေမည်

MOTHER LAND ဆောက်လုပ်ရေး နှင့် YADANAR MYAING ဆောက်လုပ်ရေး မှ ဆောက်လုပ်ပြီးစီးသည့်
တိုက်ခန်းများကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေပါသည်။



Phone : 245029, 248913, 204058, 290810.
Fax : 204058.
E-mail : mtn@whitecloud.com.mm
Website : www.motherlandconstruction.com

လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် အဓိကဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်(မြောက်ပိုင်း)ဆက်လမ်းများ လက်ယှက်ထိုးပေါ်ထွန်းလာ

ရန်ကုန် ဇွန် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၃ ရက်နံနက်ပိုင်းက ကျောက်မဲမြို့မှ ထွက်ခွာလာရာ နံနက် ၉ နာရီ မိနစ် ၅၀ တွင် နောင်ချိုမြို့နယ် တောင်ခမ်းကျေးရွာရှိ တောင်ခမ်းဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိကြပြီး တောင်ခမ်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ယုဇနအားဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် တောင်ခမ်း/တောင်ရှည်ကျေးရွာရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)က တာဝန်ယူဆောက်လုပ်နေသည့် ဝက်ဝံ-တောင်ခမ်းလမ်း လမ်းဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဝက်ဝံ-တောင်ခမ်းလမ်း ဖောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်၊ လမ်းဖောက်လုပ်ပြီးစီးပါက ဒေသနေပြည်သူများ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်းတို့သို့ လျင်မြန်ချောမွေ့စွာ သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပါက ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး တိုင်းရင်းသားပြည်သူများ တစ်ဦးနှင့်တစ်ဦး ကျေးရွာဒေသချင်း ဆက်နွယ်ရင်းနှီးခင်မင်မှုများ ပိုမိုဖြစ်ပေါ်လာမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့ဝင်များသည် ယာဉ် စက်ယန္တရားကြီးများဖြင့် မိုင်တိုင်အမှတ်(၂၀/၀)အတွင်း လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး နောင်ချိုမြို့နယ် ဝက်ဝံ-တောင်ခမ်း လမ်းဖောက်လုပ်ရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် ဝက်ဝံ-တောင်ခမ်းလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး တောင်ခမ်း-အင်းဖို-လက်ပံကုန်း ရွာစဉ်တစ်လျှောက်ရှိ ဒေသခံပြည်သူများ၏ စိုက်ပျိုးမှုအခြေအနေကိုလည်းကောင်း၊ လမ်းပိုင်းအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် ဝက်ဝံ-တောင်ခမ်းလမ်း မိုင်တိုင်အမှတ် (၁၄/၂)ရှိ တောင်ထိပ်ရှုခင်းသာသို့ ရောက်ရှိကြပြီး ဝက်ဝံ-တောင်ခမ်းလမ်း လမ်းအူကြောင်း ဆက်လက်ရှာဖွေဖောက်လုပ်ရမည့် နေရာကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး လက်ပံကုန်းကျေးရွာရှိ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ဒုဋ္ဌဝတီတံတား

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်မြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တို့ကို ဆက်သွယ်သည့် ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-တောင်ခမ်း-နောင်ချိုလမ်း မိုင်တိုင်အမှတ် (၁၁၅/၄)ရှိ ဒုဋ္ဌဝတီတံတား (နောင်ချို) တည်ဆောက်ခြင်းလုပ်ငန်း ရှင်းလင်းဆောင်သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးအား ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဦးကျော်လင်းက ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံမှ ကြိုးပမ်းတည်ဆောက်လျက် ရှိကြောင်း။

မျှမျှတတဖွံ့ဖြိုးရေး

ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ဖွံ့ဖြိုးရေး အထူးဒေသကြီးများ စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် စီမံကိန်းတို့ကို တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်ဆောင်ရွက်လျက်ရှိကြောင်း။

လက်ယှက်ထိုး

ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဖြစ်သည့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် မြို့နယ်ချင်းဆက်သွယ်သည့် လမ်းများသာမက ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)ဆက်သွယ်သည့် လမ်းမကြီးများသည်လည်း လက်ယှက်ထိုး ပေါ်ထွန်းလာခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နိုင်ငံတော်အစိုးရသည် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီး-ရွှေညောင်မှ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုသို့ဆက်သွယ်သည့် လမ်းမကြီးမိုင်တိုင်အမှတ် ၁၁၅/၄ တွင် ဒုဋ္ဌဝတီတံတား(နောင်ချို)ကို ငွေကြေးအမြောက်အမြားအကုန်အကျခံကာ တည်ဆောက်လျက်ရှိကြောင်း။

ယခင်က နောင်ချိုမှ တောင်ကြီးသို့သွားလာရာတွင် မန္တလေး၊ မိတ္ထီလာ၊ ရွှေညောင်ဘက်မှ ခရီးလမ်းရှည်လျားစွာ ကွေ့ပတ်သွားလာရသော ဒုက္ခမှ ကင်းဝေးပြီး ဤတံတားကြီးပြီးစီးသောအခါ အချိန်တိုအတွင်း လွယ်လင့်တကူ သွားလာနိုင်ကြတော့မည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် ဒုဋ္ဌဝတီမြစ်ကို ဖြတ်ကျော်တည်ဆောက်မည့် ဒုဋ္ဌဝတီတံတား(နောင်ချို) တည်ဆောက်ရေးလုပ်ငန်းခွင်ကိုလည်းကောင်း၊ ရေတံခွန်စီးဆင်းနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တံတားကြီးကို အချိန်မီပြီးစီးအောင်တည်ဆောက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းမှုတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

ကောက်ကွက်ပြည့်မီအောင်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့ဝင်များသည် ကျောက်မဲခရိုင် နောင်ချိုမြို့နယ် အုမ္မခါးလယ်ကျင်းကွေ့ကျေးရွာရှိ ဆင်းရွှေလီ အထူးအထွက်တိုး တစ်ဧက တင်း ၂၀၀ နွေစပါးစံပြကွက် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က တစ်ဧကတွင် အပင်အတန်းခြားပြီး စိုက်ပျိုးရေးနှင့် ကောက်ကွက်ပြည့်မီအောင်စိုက်ပျိုးကြရေး တောင်သူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်တို့က ဒေသခံတောင်သူများအား မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်ရှိ တစ်ဧက တင်း ၂၅၀ ကျော်ထွက်ရှိသည့် နွေစပါး စံပြစိုက်ခင်းကို စရိတ်ငြိမ်း သွားရောက်ကြည့်ရှုလေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးကြသည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် နွေစပါးစံပြကွက်ကို ကြည့်ရှုစစ်ဆေးကြပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်အဆုံး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်အစ ခြေမြစ်ပင်ကျေးရွာအတွက် မန္တလေး-လားရှိုးလမ်း မိုင်တိုင်အမှတ် (၅၆/၁)ရှိ ဝက်ဝံ-တောင်ခမ်းလမ်း တောင်ခမ်းသို့ ၂၀ မိုင်၊ ၂ဖာလုံ အစပြုဖောက်လုပ်သည့် လမ်းဖောက်လုပ်သည့် လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး စက်ယန္တရားများဖြင့် ပေ ၁၀၀အကျယ်ရှိ တစ်ကြောင်းထိုး လမ်းအူကြောင်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

ပိုမိုတိုးတက်

အဆိုပါတံတားတည်ဆောက်ပြီးစီးပါက တောင်ကြီးမှ ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-တောင်ခမ်း-နောင်ချိုလမ်းမကြီးတစ်လျှောက်နှင့် ၎င်းလမ်းပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ပိုမိုတိုးတက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် ဒေသခံ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အချင်းချင်းချစ်ကြည်ရင်းနှီးစွာ ဆုံစည်းခွင့်ရရှိခြင်း၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များဖလှယ်နိုင်ခြင်း၊ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ခြင်းတို့ကြောင့် လူနေမှုအဆင့်အတန်း မြင့်မားလာကာ တိုင်းရင်းသား စည်းလုံးညီညွတ်မှု တိုးပွားခိုင်မာလာမည် ဖြစ်ကြောင်း။

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဇွန် ၁၁ ရက်က ဆရာစံ(မြောက်အရှေ့) ရပ်ကွက် အမက (၄) တွင် ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်ဌေးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ပေးအပ်ချီးမြှင့်

မေ ၂၈ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် အလယ်တန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင့်လွင်က အဋ္ဌမတန်းကျောင်းသား မောင်မြတ်မင်းသူအား သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်ချီးမြှင့်စဉ်။
(က-ပ)

ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ရန်ကုန်တက္ကသိုလ် ကြက်ခြေနီအသင်းတို့က ကြီးမှူး၍ ၂၀၀၄ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန် ၁၈ရက်နံနက် ၉ နာရီက ရန်ကုန်တက္ကသိုလ်များဆေးရုံ၌ ကျင်းပရာ ရန်ကုန်တက္ကသိုလ်များဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နီလာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးရှိန်မြင့်နှင့် အမျိုးသားသွေးလှူဘဏ်မှ ဒေါက်တာ ဒေါ်သီတာအောင်တို့က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ယင်းနောက် ရန်ကုန်တက္ကသိုလ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးမျိုးသန့်က ကျေးဇူးတင်စကားပြောကြားပြီး သွေးလှူရှင် ၅၀ တို့ ထိုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ **(သတင်းစဉ်)**

စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမအဆင့် သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂၁

အစိုးရဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့် သင်တန်းအမှတ်စဉ်(၁၉၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၁၈ရက်မွန်းလွဲပိုင်းက စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း၌ကျင်းပရာ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အခမ်းအနားသို့ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူ များ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။ သင်တန်းသို့ ဦးစီးဌာန ၃၀နှင့် စီးပွားရေးအဖွဲ့အစည်း ၃၅ ခုတို့မှ ဝန်ထမ်း ၁၈၉ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖားကန့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကျင်းပ

ဖားကန့် ဇွန် ၁၀

ဖားကန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများ၏ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲကို ဖားကန့်မြို့မြို့မရပ်ကွက် လုံးခင်းကျေးရွာနှင့်ဆိပ်မူကျေးရွာတို့တွင် မေ၂၃ရက်မှ ၂၅ရက်အထိ ကျင်းပသည်။

ဖားကန့်မြို့နယ် မြို့ပြစီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်ရှိန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါက်တာဒေါ်ခင်လင်းမော်နှင့်အဖွဲ့ဝင်များ စုစုပေါင်း ၃၀၀၀ ကျော် တက်ရောက်အားပေးကြသည်။

အဆိုပါပြပွဲတွင် ပုဂံခေတ်မှစစ်ပြီးခေတ်အထိ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ကျေးလက်သမီးပျိုများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ဌာနဆိုင်ရာ အမျိုးသမီးဝန်ထမ်းများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ လူမှုရေးအသင်းအဖွဲ့ဝင် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ မင်္ဂလာမောင်မယ်စုံတွဲဝတ်စားဆင်ယင်ထုံးဖွဲ့မှုတို့နှင့် ပြည်တွင်းဖြစ်အဝတ်အထည် သရုပ်ပြ ဝတ်စားဆင်ယင်မှုတို့ကို ပြသကြကြောင်း သိရသည်။ **(က-ပ)**

ရတနာပုံခေတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို မနန်းယုဆွေ သရုပ်ပြစဉ်။

မော်ကျွန်းထွေ/အုပ်သားသမီးများ ပညာသင်ထောက်ပံ့ငွေပေးအပ်

မော်လမြိုင်ကျွန်း ဇွန် ၁၅

မော်လမြိုင်ကျွန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီးများ၏ ပညာသင်ထောက်ပံ့ငွေနှင့် ဝတ်စုံစရိတ်ပေးအပ်ပွဲကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် ဒုတိယဦးစီးမှူးများ၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးယုနှင့် ကော်မတီဝင်များ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း ၅၅ ဦးတို့၏ သားသမီး ၈၆ဦးတို့အတွက် ပညာသင်ထောက်ပံ့ငွေနှင့် ဝန်ထမ်း ၂၉ဦးတို့၏ ဝတ်စုံစရိတ်ထောက်ပံ့ငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးယုတို့က ဝန်ထမ်းသား သမီးများနှင့် ဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်ကြသည်။ **(၀၉၇)**

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့စိမ်းလန်းစိုပြည်ရေးအတွက် ပျိုးဥယျာဉ်များ တည်ထောင်၍ စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိရာ ဇွန်၈ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးရင်စိန် ပျိုးဥယျာဉ်အား ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမင်းလွင်စိုး လိုက်လံပြသနေစဉ်။ (၁၃၄)

မတ္တရာမြို့မဈေးကြီးအတွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ သန့်ရှင်းရေးအတွက် ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများကို ဇွန် ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးသူဈေးသားများ ပူးပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

မေ ၂၆ရက်က တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ဇီးဖြူပင်ကျေးလက်မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းခွင်အား ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမောင်မောင်အောင်ကြည့်ရှုစစ်ဆေးရာ တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့အင်ဂျင်နီယာမှူးဦးဌေးညွန့်နှင့်ဝန်ထမ်းများက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သက်ကြီးရွယ်အို အဘိုးအဘွားများ အခမဲ့ဆေးဝါးကုသပေး

ကောလင်း ဇွန် ၁၂

ကောလင်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ အပတ်စဉ် ကြာသပတေးနေ့တိုင်း အခမဲ့ ဆေးဝါးကုသမှုလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက်က မိခင်နှင့် ကလေးစောင့်ရှောက်ရေး ဌာန ဆေးခန်းတွင် အသက် ၇၀ အထက် သက်ကြီးရွယ်အို အဘိုးအဘွားများအား အခမဲ့ ဆေးဝါးကုသပေးသည်။

အဆိုပါဆေးဝါးကုသရာသို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနတာဝန်ခံ ဒေါက်တာမေသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယကဒေါ်မာမာလွင်၊ အသင်းဥက္ကဋ္ဌ ဒေါ်လင်းကြည်တို့က ကြည့်ရှုအားပေးကြပြီး ဆေးဝါးကုသခံအဘိုးအဘွားများအား အာဟာရဒါနပြုကြသည်။ **(၀၂၆)**

ဇွန် ၁၁ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီမြို့နယ် ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံစီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးအောင်စိုးမိုးက ရပ်ကွက်ဥက္ကဋ္ဌတစ်ဦးအား တာဝန်ပေးအပ်စဉ်။ (ခရိုင်ပြန်/ဆက်)

အုတ်ဖိုမြို့နယ်သာယာလှပရေး လမ်းဘေးဝဲယာ ပန်းပင်စိုက်

အုတ်ဖို ဇွန် ၁၆

ပဲခူးတိုင်း(အနောက်ပိုင်း) အုတ်ဖိုမြို့နယ် စိမ်းလန်းစိုပြည်သာယာ လှပရေးအတွက် လမ်းဘေးဝဲယာ တစ်လျှောက်တွင် ပန်းအလှသစ်ပင်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစန်းလွင်ကြီးကြပ်ဆောင်ရွက်မှုဖြင့် ရုံးအမှုထမ်းများက ဇွန် ၁၅ ရက်၌ တပျော်တပါး စိုက်ပျိုးကြကြောင်း သိရသည်။ **(၀၇၄)**

ရွှေပြည်သာပန်းဥယျာဉ်မြေခင်းအလှဆောင်ရွက်မှုကြည့်ရှု

ရွှေတောင် ဇွန် ၁၄

ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်သည် ဇွန်၅ရက်က ရွှေတောင်မြို့နယ်သို့ ရောက်ရှိပြီး မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် ရွှေပြည်သာပန်းဥယျာဉ်အတွင်း သာယာလှပရေး၊ မြေခင်းအလှပြုပြင်ရေး လုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေး ကြည့်ရှုသည်။

အမှုဆောင်အရာရှိကပန်းဥယျာဉ်အတွင်း စိမ်းလန်းစိုပြည်ရေးအတွက် အလှပန်းပင်များ စိုက်ပျိုးထားရှိမှု၊ မြေခင်းအလှပြုပြင်ထားရှိမှုများကို လိုက်လံ ပြသ၍ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးက လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **(အောက်ပုံ) (၁၁၆)**

ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးနှင့် ဘားအံမြို့နယ်အမှုဆောင်အရာရှိ ဦးမျိုးအောင်တို့ ဘားအံမြို့ အင်ကြင်းလမ်းတစ်လျှောက် လမ်းဘေး ရေမြောင်း များ ရေစီး ရေလာကောင်း မွန် ရေး ဆောင်ရွက်မှုကို မေ၂၉ရက်က ကွင်းဆင်းစစ်ဆေးကြည့်ရှုကြစဉ်။ (က-ပ)

အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အပတ်စဉ် တနင်္ဂနွေ ဈေးပိတ်ရက်များတွင် ဈေးတာဝန်ခံနှင့် ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ဈေးတွင်းဈေးပြင် ရေမြောင်းများ တူးဖော်ခြင်း လုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးမျိုးဝင်း ကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကာမိုင်းမြို့ သာယာရေးဆောင်ရွက်

ကာမိုင်း ဇွန် ၈

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ကာမိုင်းမြို့စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးလုပ်ငန်းကို စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ မေ ၂၃ ရက်က အမှုဆောင်အရာရှိ ဦးအင်ခွန်တူးနှင့် အဖွဲ့ဝန်ထမ်းများသည် မြို့အတွင်းရှိ တြိဂံပန်းခြံအတွင်း မြက်ခင်းအလှဆင်ခြင်း လုပ်ငန်းများဆောင်ရွက်ကြကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

B.I.Q (Best Image Quality)
Printer Specialist/ Refill & Computer Service Centre
မိုးရာသီအထူးအစီအစဉ်

1. Hp/ Canon/Epson/Samsung Laser Printer အသုံးပြုနေသော အစိုးရရုံးများ၊ ဌာနများ၊ ကုမ္ပဏီ၊ ဆေးရုံ၊ ကျောင်း၊ စာစီစာရိုက် (DTP) လုပ်ငန်းများတွင် Original Cartridge ကို အသုံးပြုနေပါက ကျပ်ငွေ 40,000 မှ 50,000 အတွင်း ကုန်ကျမည်ဖြစ်ပါ သောကြောင့် 50%မှ 85%အထိ သက်သာစေသော(B.I.Q) ၏ အစီအစဉ်ကို လက်လွတ်မခံပါနှင့်။
2. မည်သည့်ဆိုင်မှ Toner Refill ကိုမဆို အသုံးပြုနေပါက ကျပ်ငွေ 4,500 မှ 7,000 အတွင်း မလွဲမသွေ ကုန်ကျမည်ဖြစ်သောကြောင့် (10% မှ 40%) အထိ သက်သာစေသော ဤအခွင့်အရေးကို အမိအရ ဆုပ်ကိုင်ပါ။
3. ယခုအသုံးပြုနေသော Printer များ ထုတ်ယူသုံးစွဲရာတွင် အခက်အခဲ ဖြစ်နေပါက မည်သို့သော အဆင်မပြေမှုများကိုမဆို အချိန်တိုအတွင်း အမြန်ဆုံးလက်ခမဲ့ ပြုပြင်ပေးနေပါပြီ။

ဤအစီအစဉ်၏ ရည်ရွယ်ချက် – Printer Cartidge အတွက် အကုန်အကျ သက်သာစေရန် Printer အသုံးပြုသူများ၏ အဆင်မပြေမှုများကို ဖြေရှင်းပေးရန်

B.I.Q ၏ ဝန်ဆောင်မှုများ – လက်ခမဲ့ ပြုပြင်မှု (Hp/Canon Printer များအားလုံး)

B.I.Q ၏ အာမခံမှုများ – B.I.Q မှ ဖြည့်ပေးသော Toner Cartridge Refill များ၊ B.I.Q မှပြုပြင်ပေးသော Computer /Printer များ B.I.Q မှ ပံ့ပိုးပေးသော Printer အပိုပစ္စည်း များသည် 100% အာမခံချက် ပါရှိပါသည်။

လိပ်စာ– အမှတ် ၁၅၈/၁၆၀၊ အခန်း ၃/၄မြေညီထပ်၊ ၄၇လမ်း(အထက်)ဗိုလ်တထောင်မြို့နယ်။ ဖုန်း–၂၀၀၆၄၀

ကားစီးလုံးငှားသည်
Zaw Hla & Associates
Z & A Car Renter
ကားပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။
ဖုန်း–၅၄၀၅၄၅၊ ၀၉–၈၀၂၀၀၉၁

အမည်ပြောင်း
ဘားအံမြို့ အထက (၂) ဒသမတန်း(က)မှ စောဘုန်းမြင့်အေးအား စောဘုန်းစည်သူဟုပြောင်းလဲခေါ်ပါရန်။
စောဘုန်းစည်သူ။

အမည်ပြောင်း
တောင်ကြီးမြို့ အထက (၁) ဆဋ္ဌမတန်း(က)မှ ဖခင် ကိုသက်ဦး SGM–၀၄၆၂၄၅ အရ ဦးသန်းထွန်းဟု လည်းကောင်း၊ သား မောင်ဟိန်းထက်အား မောင်ဟိန်းနိုင်စိုးဟု ပြောင်းလဲခေါ်ပါရန်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
မောင်ဝင်းထွဋ် မှတ်ပုံတင်အမှတ် ၁၀/ မလမ(နိုင်)၁၆၈၄၆၁ သည် မိဘများ၏ ဆိုဆုံးမစကားကို နားမထောင်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း၊ ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း။
(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)
ဦးမျိုးအောင် ၁၀/မလမ(နိုင်)၁၄၁၂၉၇
ဒေါ်တင်တင် ၁၀/မလမ(နိုင်)၀၁၂၆၁၁

ကန့်ကွက်ရန်ကြော်ငြာ
ဒဂုံမြို့သစ်(တောင်ပိုင်း)မြေကွက်အမှတ် ၁၇/၅၂၆ (ခ) အမည်ပေါက် ဦးစိုးနိုင်ဝင်းထံမှ ဝယ်ယူထားသည့် ပါမစ်မူရင်း ပျောက်ဆုံးသွားပါ၍ မိတ္တူလျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူများ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာပါသည်။
ဒေါ်သန်းသန်းအေး
၁၂/ သကတ(နိုင်)၀၁၁၄၉၉

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ကချင်ပြည်နယ်တရားရုံး၊ မြစ်ကြီးနားမြို့
၂၀၀၃ ခုနှစ် တရားမကြီးမှု အမှတ် ၁၇

ဒေါ်ချိုပြုံး(ခ)ဒေါ်နွေးနွေး	နှင့်	၁။ ဦးမြင့်ထွန်း
အိမ်အမှတ် ၁၅၉၊		၂။ ဒေါ်အေးအေးသွယ်
မြို့မရပ်ကွက်၊ဖားကန့်မြို့။		အိမ်အမှတ် ၄/၂၀၇၊ ရပ်ကွက်(၄) ဆိပ်မူကျေးရွာ၊ ဖားကန့်မြို့။
		၃။ ဦးခါးဂျာနော်
		အိမ်အမှတ် ၁၉၊ ဆင်ဆရပ်၊ စီတာပူ၊ မြစ်ကြီးနားမြို့။
တရားလို		**တရားပြိုင်များ**

အထက်ပါ အမှုမှ တရားပြိုင်(၃) ဦးခါးဂျာနော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ချိုပြုံး(ခ)ဒေါ်နွေးနွေးက သီးခြား သက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ ၁၂–၁၀–၂၀၀၂ ရက်စွဲပါ မြေနှင့် အဆောက်အအုံကို အပြီးအပိုင် လွှဲပြောင်းရောင်းချခြင်းနှစ်ဦးသဘောတူ ကတိစာချုပ်(ဦးခါးဂျာနော်– ဒေါ်အေးအေးသွယ်)သည် တစ်ဝက်ပျက်ပြယ်ကြောင်း မြွက်ဖော်ချက် ဒီကရီရလိုမှုနှင့် ယင်းကတိစာချုပ်ပါ အိမ်မြေတစ်ဝက်လက်ရောက်ရလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဇွန်လ ၃၀ ရက် (၁၃၆၆ ခုနှစ် ပထမဝါဆိုလဆန်း ၁၄ ရက်)နေ့ မွန်းမတည့်မီ နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြတ်မင်း
ပြည်နယ်တရားသူကြီး၊ ကချင်ပြည်နယ်တရားရုံး။

ရောင်း/ငှားမည်
Isuzu 14'(3A/----)
လှည်းတန်းကွန်ဒို
၁၂၅၀ sqft, BR-3
ကြွေပြားခင်း 3-A/C
ထွင့်ခေါင်အိမ်ရာ
(100x100)sq 2RC, 4BR,1 MR,6A/C၊
ဖုန်း–၇၂၂၀၉၇၊
၀၉ ၅၀ ၁၅၅၃၇။

စားပွဲနှင့်ကုလားထိုင်များငှားရန်
အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။
နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင် ပါသည်။
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၂၄၅၆၄၅၊ ၂၄၅၆၄၂

လက်တွန်းထွန်စက်များ လွှဲပြောင်းပေးအပ်

ကဝ ဇွန် ၁၃

ပဲခူးတိုင်း ကဝမြို့နယ်အုန်းနဲ့ကျေးရွာ စက်မှုလယ်ယာဦးစီးဌာန ထွန်စက်စခန်း အမှတ်(၃၄)မှ လယ်ယာ(၁၆) လက်တွန်းထွန်စက် ၃၅စီးလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန်၁၁ရက်က အဆိုပါ ထွန်စက်စခန်းအမှတ် (၃၄)တွင် ကျင်းပသည်။

အခမ်းအနားတွင် ကဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမော်လူက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကဝမြို့နယ် ဘဏ်ခွဲမန်နေဂျာ ဦးထိန်ဝင်းနှင့် ကဝမြို့နယ် စက်မှုလယ်ယာဦးစီးမှူးဦးနေမျိုးအောင်တို့က လယ်ယာ(၁၆) လက်တွန်းထွန်စက်နှင့်ပတ်သက်သည်များကိုရှင်းလင်းပြောကြားသည်။

ထို့နောက်ကဝမြို့နယ်စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူးက လယ်ယာ(၁၆) လက်တွန်းထွန်စက်၃၅စီးနှင့်ပတ်သက်သော ပိုင်ဆိုင်ခွင့်စာရွက်စာတမ်းများအား မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ကဝမြို့နယ် ဘဏ်ခွဲမန်နေဂျာအား လွှဲပြောင်းပေးအပ်ရာ **(အောက်ပုံ)** မြို့နယ်ဘဏ်ခွဲမန်နေဂျာက လယ်သမား တစ်ဦးချင်းထံ လယ်ယာ(၁၆) လက်တွန်းထွန်စက်များအား ပေးအပ်လိုက်သည်။ **(မြို့နယ် ပြန်/ဆက်)**

ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်များဖွင့် ရေရှည်တည်တံ့ရေးဆွေးနွေးမိုင်းခတ်၌ဟောပြော

မိုင်းခတ် ဇွန် ၁၀

မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်သူများပူးပေါင်း၍ စံပြကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မေ၁၅ရက်က ဝမ်ခုတ်ကျေးရွာ မူလတန်းကျောင်းတွင်ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းဆမ်တစ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ)

ထို့နောက် စာအုပ်များပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးစီးရှဲန်က လက်ခံရယူသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲ ရေးအတွက် ဆွေးနွေး ဟောပြောသည်။

စာအုပ်များလှူဒါန်း

မြို့နယ်အသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့တို့က စာအုပ်များ လှူဒါန်းကြသည်။

ဖွင့်လှစ်ပြီး

အလားတူ မိုင်းခတ်မြို့နယ်အတွင်း ဝမ်ပြန်၊ ယန်းတောင်း၊ စွမ်ပလောင်ကျေးရွာ အသီးသီးတွင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇွန် ၄ ရက်က သာပေါင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ်ပေးအပ်ပွဲကျင်းပရာ အုပ်ချုပ်ရေးမှူး ဦးလှသောင်းက ပညာသင်စရိတ် ထောက်ပံ့ငွေများ ပေးအပ်စဉ်။(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ

၂၂–၆–၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်)

နေ့လယ်ပိုင်း

- ၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ အောင်သပြေ အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းမှ ထုတ်လုပ်မှုများ)
- ၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန်ဟောပြောချက် (မြန်မာ့ဇာတိမာန်သမိုင်းနှင့် တိုင်းရင်းသားသူရဲကောင်းများ– နိုင်ဝေ)
- ၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (စီမံခန့်ခွဲမှုနယ်ပယ်မှာ အောင်မြင်ဖို့–ဦးလှမင်း)
- ၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ကိုကြင်ငွေ၏ တစ်ညတာ)
- ၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ကျေးလက်တေးကဗျာ– ညွှန့်ဟံ–ကြူတော)
- ၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အလယ်တန်း–အင်္ဂလိပ်စာ)

ညနေပိုင်း

- ၁၆း၂၀ ကျေးလက်ဇာတ်လမ်း(ဝါဆိုဦးမှာ)
- ၁၇း၀၀ တပ်မတော်စာတိုက်
- ၁၇း၁၀ ကမ္ဘာ့ဂီတ
- ၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အားကစားဝါသနာ– ဦးဉာဏ်ထွန်း–ညွှန်မှူး–အား/ကာ)
- ၁၇း၅၀ သောတရှင်အတွက်ပြန်ကြားချက်
- ၁၉း၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ပိန္နဲပင်)
- ၂၀း၃၀ ကလေးများအတွက် တေးသီချင်းများ

နှစ်(၄၀)မြောက် ပတ္တမြားရတု မင်္ဂလာဆုတောင်း

မိသားစုအပေါ်တာဝန်ကျေပွန်သော ဖေဖေဒုတိယဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း) (တပ်မတော်-လေ)နှင့် မေမေဒေါ်အမာတို့၏ ၂၂-၆-၂၀၀၄ နေ့တွင် ကျရောက်သော အနှစ်(၄၀)မြောက် မင်္ဂလာနေ့သို့ အမှတ်တရ ဖြစ်စေရန် ရည်ရွယ်လျက်-

သမီးကြီး - ဒုတိယဗိုလ်မှူးကြီးသက်ဝေ(တပ်မတော်-လေ)-ဒေါ်စုလဲ့မြင့်
သမီးငယ် - ဗိုလ်မှူးကိုကိုအောင်(တပ်မတော်-လေ)-ဒေါ်ယုသွဲ့မြင့်
သား - ဦးအောင်သန့်စိုးမြင့်-ဒေါ်နုနုကြည်
မြေးများ - မိုးပြည့်စုံသက်၊ချောရူပါသက်၊ချမ်းမြေ့ကို၊ ဟန်မင်းသန့်။

[illegible]

ဘဝဝင်လယ် ခရီးသည်

[illegible]

အမည်ပြောင်း

ဗိုလ်ကြီးမြင့်နိုင်၏သား မောင်ဖြိုးဆက်ပိုင် အထက(၄)မြစ်ကြီးနားအား မောင်မြင့်သူဟိန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မြင့်သူဟိန်း။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12 (T)5/MR(ML) 2004-2005	Vacuum Brake Cylinder 21" "F" Type	100 - Nos
2.	12(T)6/MR(ML) 2004-2005	Nomex Paper 3-Mils	22 - Kgs
3.	12(T)7/MR (ML) 2004-2005	Consumable & The Most Essential Spare parts for D.E.L and D.H.L	1 - Lot (60 - Items)

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့် အချိန် - ၃-၈-၂၀၀၄ (အင်္ဂါနေ့) (၁၂:၀၀)နာရီ
ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၃-၈-၂၀၀၄ (အင်္ဂါနေ့) (၁၄:၀၀)နာရီ } စဉ် (1)အတွက်
ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၂၁-၇-၂၀၀၄ (ဗုဒ္ဓဟူးနေ့) (၁၂:၀၀)နာရီ
ချိပ်ပိတ်တင်ဒါ ဖွင့်မည့်ရက်နှင့်အချိန် - ၂၁-၇-၂၀၀၄ (ဗုဒ္ဓဟူးနေ့) (၁၄:၀၀)နာရီ } စဉ် (2,3)အတွက်

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၆-၆-၂၀၀၄)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း -၂၉၁၉၈၂၊ ၂၀၁၅၅၅၊ လိုင်းခွဲ ၆၀၂၊ ၆၀၅၊ ၆၁၂

ဆေးမတွေ့နိုင်သော
နာတာရှည်ရောဂါသည်များအတွက်
[illegible]
နာတာရှည်အထူးကု
[illegible]

မွေးစားသမီးအဖြစ်မှ
အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း၊သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇဋိလာလမ်း၊ အမှတ် ၁၀၁၇(ခ)နေ ဦးခင်ဖေ[၁၂/ဥကတ(နိုင်)၀၁၃၈၈၃]၏မွေးစားသမီးဖြစ်သူ မခင်ဆွေဦး[၁၂/ဥကတ(နိုင်)၀၁၃၈၈၄]သည် ဖခင်ဖြစ်သူဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှ ၎င်း၏ဆန္ဒအရ ၂၅-၉-၂၀၀၃နေ့တွင် အပြီးအပိုင်ဆင်းသွားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၎င်းမခင်ဆွေဦးအား မွေးစားသမီးအဖြစ် ယနေ့မှစ၍ အပြီးအပိုင် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ နောက်နောင် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

ဦးခင်ဖေ
[၁၂/ဥကတ(နိုင်)၀၁၃၈၈၃]

[illegible]

(၉)နှစ်ပြည့် လွမ်းဆွတ်အမှတ်ပေးဝေခြင်း
ဒေါ်ညွန့်ညွန့်စိန် (မေဘယ်လ်လှဖေ)
မန်နေဂျာ-ကုန်သွယ်လယ်ယာ
စစ်တွေ-တောင်ကြီး

မေမေမိသားစုနှင့် ခွဲခွာသွားသည်မှာ ယနေ့ (၂၂-၆-၂၀၀၄) ရက်နေ့တွင် (၉)နှစ်တိတိ ပြည့်ပြီဖြစ်တဲ့အတွက် နှစ်စဉ်နှစ်တိုင်း မေမေ့အတွက်ရည်စူးပြီး ပြုလုပ်ခဲ့သမျှ ကုသိုလ်ကောင်းမှုများသည် မေမေဖြစ်လေရာ ဘဝတိုင်းတွင် အထောက်အပံ့ဖြစ်ပါစေ မေမေ-

မေမေရေ-အမျှ၊ အမျှ၊ အမျှ
ခင်ပွန်း - ဦးလှဘော် (အငြိမ်းစား၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)
သား - ဗိုလ်ကြီးနေလင်းအောင်၊ ယာယီစစ်ဦးစီးမှူး (ဒုတိယတန်း)၊ ကာကွယ်ရေးဝန်ကြီးဌာန
သမီး - မနီလာအောင် (နည်းပြ၊ အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ်)

ဝမ်းနည်းကြေကွဲခြင်း

ချစ်သောအစ်ကိုကြီး ဦးကြည်ခင် (ဖျာပုံ) C.Eng., M.I.Mar.E., A.M.I.E.S Marine and Engineer Surveyor ၉-၆-၂၀၀၂ ကွယ်လွန်နှင့် ချစ်သောအစ်ကိုလတ် ဦးကံမြင့် (ဖျာပုံ) A.R.I.N.A (London), A.M.I.E.S (Glasgow) Marine Surveyor & Neval Architech ၉-၆-၂၀၀၄ရက် ကွယ်လွန် တို့၏ ကျေးဇူးဂုဏ်ကို အစဉ်အောက်မေ့လျက် ညီလေးတို့မိသားစု ပြုလုပ်ပြီး၊ ပြုလုပ်ဆဲကုသိုလ်ကောင်းမှု အစုစုတို့ကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

ချစ်ညီလေး ဦးမြအောင်-ဒေါ်အေးအေးသက်
မေတ္တာရိပ်မြုံမိသားစု၊ မန္တလေး။

ဒေါ်အင်မြိုင် (ထားဝယ်)
စာတိုက်မှူး(ငြိမ်း)
အသက်(၈၉)နှစ်

ထားဝယ်မြို့၊ပိန္နဲတောရပ်နေ(ဦးအေး–ဒေါ်ဖွားခင်)တို့၏သမီး၊ဒေါ်တင်လှိုင်၏အစ်မ၊ ရန်ကုန်မြို့၊ အမှတ် ၂၀၀(ဒု–ထပ်) ၊ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်နေ (ဦးလှိုင်ပို)၏ဇနီး၊ ဒေါက်တာဦးသက်တင်(ခြသေ့်ညီနောင်ဆေးခန်း)–ဒေါ်ခင်အေးသန်း၊ [ဒေါ်တင်စိန်(စိမ်း) တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန]၊ ဦးကျော်စိန်(ရေကြောင်းအင်ဂျင်နီယာချုပ်၊ ငြိမ်း)–ဒေါ်ခင်မမ၊ ဦးအောင်နိုင်ဦး–ဒေါ်ညာကြည်(တွဲဖက်ပါမောက္ခ၊ ပုသိမ်တက္ကသိုလ်)၊ ဦးဘွန်သိန်း(ဒု–ညွှန်မှူး၊ စိုက်/စီ)–ဒေါ်အေးအေးသွင်၊ ဒေါက်တာဦးတင်ဝင်း(ထိပ်တန်းဆေးခန်း)–ဒေါ်စန်းစန်းရီ(အထပြ၊ ငြိမ်း၊ လ/၄၊ သဃ်န်းကျွန်း)၊ ဦးအေးကြူ–ဒေါ်ရီရီထွေး(အထပြ၊ ပုဇွန်တောင်–၄)၊ ဒေါ်ရီရီလှ (အာရှတော်ဝင်ဆေးခန်း)တို့၏မိခင်၊ မြေး ၁၁ ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၁–၆–၂၀၀၄ရက် နံနက် ၁း၅၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၃–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စောကျင် (ဒါးက)
အသက်(၈၈)နှစ်

ပုသိမ်မြို့၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၇၂ နေ (ဦးထီးရာ–ဒေါ်သက်မေ)တို့၏သမီး၊ ဒါးကမြို့နေ (ဦးစစ်ဟိုက်)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးညွှန့်ဟန်(ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသနဌာန)–ဒေါ်မြင့်မြင့်အောင်(ကျောင်းဆရာမ၊ငြိမ်း)၊ ဦးကျော်သင်းအောင်(3rd Engineer, PCL Singapore)–ဒေါ်စန်းစန်းလှ(ထက်–အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊(ဦးစိန်ချိုအောင်)–ဒေါ်သန်းသန်းညို (ခရေကဖီး၊ ဒါးကမြို့)၊ ဆရာဦးသန်းထွန်း (သင်္ချာဌာနမှူး၊ GTC ပုသိမ်)–ဒေါ်သက်ရည်၊ ဦးစောထွန်းမိုး(2nd Officer, GSN Shipping Co.,Ltd, Japan)–ဒေါ်ခင်သန်းညွှန့်တို့၏မိခင်သည် ၁၉–၆–၂၀၀၄ ရက် (စနေနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၆–၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ သရောင်းချောင်းမီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရောင်းမည်

– ကမာရွတ်၊ဘုရင့်နောင်လမ်းမ၊ ဟံသာရိပ်မွန်၊ သုံးလွှာ (၁၂ ပေ X ပေ ၅၀)ကိုယ်ပိုင်မီတာ၊ မော်တာပါ တိုက်ခန်း ရောင်းရန်ရှိသည်။

– ပဲခူးတိုင်း၊အုတ်ဖိုအေးမြသာယာမြို့သစ်၊ စက်ကြီးလိုင်စင်ပါ၊ လန (၃၉)မြေ၊ ၁၈ ဧကေနီးပါး၊ ဖုန်း၊ ပါဝါမီတာပါ၊ အသုံးပြုဆဲ သစ်စက်တစ်လုံး ရောင်းရန်ရှိသည်။

ဖုန်း–၇၂၄၀၄၃။

အမွေပြတ်စွန့်လွှတ်ခြင်း

ဦးသန်းထွန်း၏သား မောင်မျိုးနိုင်ထွန်း ၇/ပခန(နိုင်)၁၇၄၀၉၂ သည် မိဘများ လုံးဝခွင့်မလွှတ်နိုင်သောကိစ္စများကို မိမိသဘောဆန္ဒအရ ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို လုံးဝတာဝန်ယူ ဖြေရှင်းမည် မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးသန်းထွန်း–ဒေါ်တင်ထွေး။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော လှိုင်မြို့နယ် လှိုင်မြင်းမိုရ်အိမ်ရာရှိတိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှရရှိထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်း အမည်ပေါက်၏တရားဝင်ခင်ပွန်းဖြစ်သူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
	ဒေါ်မေကြည် ၁၂/မဂတ(နိုင်) ၀၄၇၈၉၇	ဦးစံရွှေ ၁၂/ကတတ(နိုင်)၀၁၇၉၀၉	တိုက်–၂၄ အခန်း–၂၄ လှိုင်မြင်းမိုရ်အိမ်ရာ

ခေတ္တဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ငုဝါမြိုင်လမ်း၊ အမှတ် ၃၀၈၊ တစ်ထပ်တိုက်၊ ၄၂ ပေ X ပေ ၆၀ ရှိ ဦးလှစိန်(တီတီအီး–၀၃၅၆၀၀)အမည်ရှိ မြေပိုင်မြေကို ကျွန်တော် ဦးလျန်ကီလ် ၄/ထတလ(နိုင်)၀၁၆၆၆၀ မှ ၅–၆–၂၀၀၁ရက်တွင် နှစ်ဦးနှစ်ဖက်သဘောတူညီ အရောင်းအဝယ်စာချုပ်ဖြင့် ဦးလှစိန်ထံမှဝယ်ယူပြီး မြေဂရန်စာရွက်ပျောက်ဆုံးသွား၍ တွေ့ရှိသူများ ပြန်ပေးပါရန် မေတ္တာရပ်ခံကြေညာအပ်ပါသည်။

ဦးလျန်ကီလ်
၄/ထတလ(နိုင်)၀၁၆၆၆၀
အမှတ် ၃၀၈၊ ၄၉ရပ်ကွက်၊ ငုဝါမြိုင်လမ်း၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၊ မြေကွက်အမှတ် ၉၅၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ နှစ် ၆၀ ဂရန် မြေကွက်နှင့် တောင်ဥက္ကလာပမြို့နယ်၊ ၃(ခ)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် ၉၅ ဟုခေါ်တွင်သော အဆောက်အအုံနှစ်လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ကြသူများဖြစ်ကြသည့် (၁)ဦးခင်မောင်ဦး[၁၂/ဥကတ(နိုင်)၀၂၈၅၀၅]၊ (၂) ဦးတင်အောင်(ခ)ဦးတင်လှ [၁၂/ဥကတ(နိုင်)၀၃၄၄၅၀]၊ (၃) ဦးသိန်းထွန်း [၁၂/ကမရ(နိုင်)၀၂၈၅၆၆]၊ (၄) ဦးသန်းထွန်း[၁၂/ဥကတ(နိုင်)၀၄၈၈၅၉]၊ (၅) ဦးအောင်ထွန်း [၁၂/ဥကတ(နိုင်)၀၃၃၈၇၅]တို့ ငါးဦးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေနှင့် ဒုတိယအရစ်ငွေတို့အား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်/မြေ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများသည် ဤကြေညာစာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒေါ်ခင်နှင်းဆီ
တရားရုံးချုပ်ရှေ့နေနှင့်ဘဏ္ဍာရှေ့နေ
အမှတ်စဉ်–၃၂၆၀
အမှတ်–၁၅၈၊ တတိယထပ်၊ ၃၂လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
ဒေါ်ခင်ခင်
လက်ထောက်ညွှန်ကြားရေးမှူး
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန
(၂၂–၅–၂၀၀၄)

အားလုံးအပေါ် သံယောဇဉ်ကြီးမားသော ကျေးဇူးရှင်ချစ်မေမေ ခွဲခွာသွားခဲ့သည်မှာ ယနေ့ဆိုရင် တစ်လပြည့်မြောက်ခဲ့ပေမယ့် စက္ကန့်၊ မိနစ်နဲ့အမျှ လွမ်းဆွတ်သတိရနေခဲ့ကြပါတယ်။ မေမေ့အတွက်ရည်စူးပြီး ပြုသမျှကောင်းမှုကုသိုလ်တွေကို သာဓုခေါ်ဆိုနိုင်ပြီး မြင့်မြတ်အေးချမ်းတဲ့ဘုံဘဝမှာ ထာဝရ နားခိုနိုင်ပါစေ။

ချစ်ခင်ပွန်း – **ဦးစိန်ညွှန့် (လ/ထ ကထိက၊ ငြိမ်း၊ ဗနတ)**
သမီး – **ဒေါ်ဥတ္တမဉာဏီ (ဖြူဖြူညွှန့်)**
သား – **မောင်ကျော်စွာညွှန့်(ပို့/ဆက်)၊ B.Sc (Maths) MPA**

ဒေါ်ထားရှင်
(တိုက်ကြီးမြို့)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၁၈၊ ဇေယျဝတီ(ဗဟို)လမ်းနေ (ဦးကောက်–ဒေါ်ကျင်မြိုင်)တို့၏သမီး၊ (ဦးဟန်စိန်)၏ဇနီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၄၀၊ ရုံးကြီးလမ်းနေ ဦးစိုးလှိုင် (စက်မှု–၁၊ ငြိမ်း)–ဒေါ်ကြူကြူနွယ်(စက်မှု–၁၊ ငြိမ်း)၊ ဦးသိန်းဝင်း(သစ်တောဦးစီးဌာန၊ မန္တလေး)–ဒေါက်တာခင်ခင်အေး (ပဲခူးမြို့နယ် ပြည်သူ့ဆေးရုံ)၊ ဦးစိုးဝင်း–ဒေါ်ခင်မေစီတို့၏မိခင်၊ မောင်ဇေယျာလှိုင်၊ မောင်သူရိန်လှိုင်၊ မစုမြတ်ခင်၊ မဝင်းလဲ့ခင်၊ မောင်မင်းသူရစိုး၊ မမေသီတာစိုးတို့၏အဘွားသည် ၂၀–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၆–၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

တောင်ငူမြို့နေ ဦးသန်း–ဒေါ်ခင်ထွေးတို့၏သမီးကြီး မသင်္ဂီသန်းသည် ၁၆–၆–၂၀၀၄ရက်တွင် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မတင်တင်ကျော်(တက်နေဝန်းပွဲရုံ)
ရွှေဘုန်းပွင့်ဘုရားလမ်း၊ပြည်မြို့။

ဝမ်းနည်းကြေကွဲခြင်း

Capt. ခင်မောင်သန်းနှင့် ဒေါ်ခင်စန်းဝင်းတို့၏မိခင်ကြီး ဒေါ်ခင်သန်း အသက်(၇၇)နှစ်သည် ၁၈–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အောင်–သီရိ၊ စိုး–ကေသီ၊ လင်း–သန္တာ၊ မွန်–ရှယ်လီ၊ ညီ–မေ၊
ညီ–ထွေး၊ စိုး–မေ၊ ထွန်း–ချို၊ ကျော်–အေး၊ ဘုန်း–ရီ၊ ထူး–နု၊ ဝီလီ–ရွှေစိုး။

ဝမ်းနည်းကြေကွဲခြင်း

မအိအိသက်ပိုင်ကျော်(ခ)မဂူး (၁၇)နှစ်သည် ၁၉–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်း။ မဂူးလေး ကောင်းရာသုဂတိလားပါစေ။

အန်တီလင်းလင်း
(တောင်ကြီး)။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
မိုဟာမက်အလီဘိုင်(ခ) ဦးလှဖေ(ခ)ကိုမွတ်တား
(မန္တလေး)
အသက်(၇၉)နှစ်

မန္တလေးမြို့နေ (ဦးတင်–ဒေါ်ဘီဘီ)တို့၏သား၊(ဦးအောင်သိန်း–ဒေါ်မမကြီး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ် ၂၃၆ (B)နေ ဒေါ်မိုးမိုးခိုင်(ခ)ဒေါ်ကြည်အေး၏ခင်ပွန်း၊ ဦးအောင်ကြီး(လ/ထအင်ဂျင်နီယာ၊ မြန်မာ့မီးရထား)–ဒေါ်မိုးနှင်းဆီ၊ ကိုအောင်အောင်၊ ကိုငယ်လေးတို့၏ဖခင်၊ မောင်မိုးသျှိုင်းအောင်ကြီး၊ မောင်မိုးသျှိန်းအောင်ကြီးတို့၏ အဘိုးသည် ၂၀–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၂၁–၆–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၃၀နာရီတွင်ရေဝေးမွတ်ဆလင်ဥယျာဉ်တော်၌ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ဝါဝါအေး (သုဝဏ္ဏ)
အသက်(၅၁)နှစ်

ရန်ကုန်တိုင်း၊ သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်း၊ တိုက် ၃၇/၃ နေ ဦးချစ်အေး–(ဒေါ်ရွှေတင်)တို့၏သမီး၊ မန္တလေးတိုင်း၊ စိန်ပန်းရပ်နေ (ဦးသောင်းညွှန့်) – ဒေါ်သောင်းတို့၏သမီးချွေးမ၊ ဦးမြင့်ဖေ (Seaman-Navigation Co-BKK)၏ ဇနီး၊ မခိုင်သီရိဖေ(B.Sc, Bot)၊ မောင်ပြည့်ဖြိုးဖေ (3rd Year Chem၊ ဒဂုံတက္ကသိုလ်)တို့၏မိခင်၊ ဦးအေးမင်းသူ–ဒေါ်စမ်းစမ်းအေး၊ ဦးအေးမင်းအောင်–မအေးအေးမြင့်၊ ဦးအေးမင်းဇော်–ဒေါ်ခင်စိုးငြိမ်း၊ ဦးသန်းထွန်းဦး–မဝင့်ဝင့်အေးတို့၏အစ်မကြီးသည် ၂၀–၆–၂၀၀၄ရက် နံနက် ၀၀း၄၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ရေဝေးမွတ်စလင်သုသာန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်မြကြည်(ခ)ဒေါ်လှိုင်
(ဗဟိုရိစည်အိမ်ရာ)
(အုတ်ဖို၊ရာသက်ပန်အသင်းဝင်)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုရိစည်အိမ်ရာ၊ တိုက် ၄၇၊ အခန်း ၂၁ နေ ဦးစိုးလွင်(ကုန်သွယ်/လယ်ယာ၊ ရန်ကုန်တိုင်းရုံး၊ ငြိမ်း)၏ဇနီး၊ ရန်ကုန်မြို့၊ ဆေးပညာဦးစီးဌာန၊ ဗဟိုသားဖွားသင်တန်းကျောင်း နည်းပြ ဒေါ်သန်းသန်းဝင်း–ဦးသိုက်ထွန်းတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၁–၆–၂၀၀၄ရက်တွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၃–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စန်းစန်းဝေ (ပုပု)
B.A (History) (စစ်တွေ)
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ အမှတ် ၂၄ နေ (ဦးကျော်ဇံလှ)–ဒေါ်ညွှန့်တို့၏သမီး၊ ရန်ကင်းမြို့နယ်၊ တိုက် ၁၃၅၊ အခန်း ၄ နေ ဦးဘငွေး–ဒေါ်လှရီတို့၏သမီးချွေးမ၊တောင်ဥက္ကလာပမြို့နယ်၊(၁၂)ရပ်ကွက်၊ မာဃ ၁၃ လမ်း၊ အမှတ် ၄၇၂ နေ ဦးတင်မောင်ဌေး၏ဇနီး၊ ရန်ကုန်မြို့၊ ၃၀ လမ်း၊ အမှတ် ၆၀ နေ (ဦးဖြူမောင်)–ဒေါ်ဦးရီ၊ ဦးမောင်ရွှေ–ဒေါ်လှသိန်း(အထက–၁၊ သန်လျင်၊ ငြိမ်း)၊ (ဦးမောင်မောင်လတ်)–ဒေါ်ယဉ်မေ၊ ဦးမြသာ(ဆည်မြောင်း)၊ ဦးမောင်မောင်မြင့်(ဘရေ)–ဒေါ်တင်နု(အလည)၊ ဦးခင်စိုး–ဒေါ်သန်းသန်းနုတို့၏ညီမ၊ တူ၊ တူမ ၁၁ ယောက်တို့၏ အဒေါ်သည် ၂၁–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်၊ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ပိုး (ဒေးဒရဲ–ပန်းမခွဲ)
အသက်(၉၇)နှစ်

အမှတ် ၃၊ သဇင်လမ်း၊ ဒေးဒရဲမြို့နေ (ဦးခွမ်းနား)၏ဇနီး၊ (ဦးမြ)–ဒေါ်ရွှေဝါ၊ ဦးကျော်စိန်၊ ဦးကျော်မြင့်–ဒေါ်နန်းအဲစော၊ ဦးမင်းလွင်–ဒေါ်တင်ကြည်၊ ဒေါ်သန်းသန်းဌေး(ဒေါ်ဖြူ)တို့၏မိခင်၊ ဒေါ်ဌေးဌေးဝင်း၊ ဦးတင်နွယ်–ဒေါ်ကြည်ကြည်မြင့်၊ ဦးသိန်းဇံ–ဒေါ်ခင်လှ၊ ဦးသိန်းဇော်၊ ဒေါ်မြင့်မြင့်သန်း(ပန်းမခွဲ အလှပြုပြင်ရေး)၊တက္ကသိုလ်ဟန်မင်းဦး(မြန်မာနိုင်ငံဓာတ်ပုံအသင်း၊ စာကြည့်တိုက်မှူး)၊ ဦးမျိုးမင်းလတ်၊ ဦးသက်မောင်–ဒေါ်သန်းသန်းဝင်း၊ ဦးသိန်းရွှေ–ဒေါ်အေးအေးသန်း၊ ဒေါ်ချိုချိုဝင်းတို့၏အဘွား၊ မောင်ဇေယျာဦး(ဆေးတက္ကသိုလ်၊မကွေး)၊ မျိုးမင်းအောင်၊ မြမျက်ခြယ်၊ နှင်းနန္ဒာဦး၊ ဖူးပြည့်ပြည့်ဖြိုးတို့၏ဘွားဘွားကြီးသည် ၂၁–၆–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှဒေးဒရဲသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်နန်း (ကျိုက်လတ်)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၉၊ ပတ္တမြားလမ်းနေ (ဦးနောက်တိုး–ဒေါ်လှ)တို့၏သမီး၊ ဦးလှ၏ဇနီး၊ ဦးဖိုးကြည်–ဒေါ်စန်းငွေ၊ ကိုကြည်–(ဒေါ်စန်းမြင့်)၊ ဦးညွှန့်မောင်–ဒေါ်ခင်ပု၊ ဦးဝင်းမောင်–ဒေါ်သိန်းပု၊ ဦးသိန်းမြင့်–ဒေါ်ဌေးဌေးတို့၏မိခင်၊ မြေး ၁၅ ယောက်တို့၏အဘွား၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၂၁–၆–၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၃–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

မယ်တော်ကြီး ဒေါ်သန်း
အသက်(၇၀)

ပြည်ကြီးတံခွန်မြို့နယ်၊ မိဂဒါဝုန်ကျောင်းတိုက်၊မိုးကုတ်ဝိပဿနာရိပ်သာမှ ရှင်သုမင်္ဂလနှင့်ရှင်ဝိစာရတို့၏ မယ်တော်ကြီး၊ မန္တလေးမြို့၊ ကုက္ကိုစုရပ် မအုန်းခင်၊ မနွယ်နွယ်ထွန်း(IR ဌာန၊ ရတနာပုံတက္ကသိုလ်)၊ မစန္ဒာထွန်း(M.A, Myanmar)တို့၏မိခင်၊ မခင်ဇာလီသောင်း(M.Sc, Chemistry)၏အဘွားသည် ၂၁–၆–၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၆–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် မိဂဒါဝုန်ကျောင်းတိုက် မိုးကုတ်ဝိပဿနာရိပ်သာမှ တောင်မြင့်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဗိုလ်တင်အောင်အေး(ခ)
အာကာ
B.C.Sc (DSA)
အပတ်စဉ်(၄၅)
အသက်(၂၃)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်မင်္ဂလာ ၂ လမ်း၊ အိမ်အမှတ် ၈၅ နေ ဦးမြင့်သိန်း–ဒေါ်ညိုထွေးတို့၏မြေး၊ ဦးတင်အောင်ကြည်–ဒေါ်သင်းသင်းလဲ့တို့၏သားကြီး၊ ဦးမောင်မောင်လေး – ဒေါ်နုနုစိန်၊ ဦးအောင်ငွေ(ဥပဒေအရာရှိ)–ဒေါ်စန်းစန်းမြင့်(ဥပဒေအရာရှိ)၊ ဒေါ်ခင်မာရီ(မြင်းခြံမြို့)၊ ဒေါ်ခင်ခင်မြင့်(ဒု–ကြီးကြပ်ရေးမှူး၊ စက်မှု–၂)၊ ဒေါ်ရီရီမြင့်(အလယ်တန်းပြ၊ ထန်းတပင်မြို့)၊ ဦးတင်မြင့်အောင်(မြို့နယ်တာဝန်ခံ၊ MAS)–ဒေါ်သက်သက်ဟန်(သရုပ်ပြ၊ဓာတုဗေဒဌာန)တို့၏တူ၊ မောင်ဖြိုးအောင်အေး(ဒုတိယနှစ်၊ ဥပဒေ)၊ မောင်ထက်အောင်အေး၊ မောင်ညီညီငြိမ်းချမ်း၊ မဟေမာညီညီ(နည်းပြ၊ကွန်ပျူတာကောလိပ်)၊ မဖြူပြာညီညီ(I.C)၊ မစန္ဒာညီညီ (တတိယနှစ်၊ ဓာတုဗေဒ)၊ မဥမ္မာညီညီ (ဒုတိယနှစ်၊ I.C)၊ မောင်ညီညီလင်းထက်၊ မငြိမ်းငြိမ်းအောင်အေး(ဒသမတန်း၊ အထက–၂၊ အင်းစိန်)၊ မရွှေရည်အောင်(ဆဋ္ဌမတန်း၊ အထက–၁၊ အင်းစိန်)တို့၏အစ်ကိုကြီးသည် ၁၆–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် မိတ္ထီလာမြို့ စစ်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈–၆–၂၀၀၄ ရက် (သောကြာနေ့)တွင် မိတ္ထီလာမြို့ စစ်သင်္ချိုင်း၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဇရပ်ဒါယကာ
ပွဲစား ဦးထွန်း
(မိုင်းပွန်မြို့)
အသက်(၈၆)နှစ်

တောင်ကြီးမြို့၊ လမ်းမတော်ရပ်၊ စဝ်စံထွန်းလမ်း၊ မ/၁၇၄ နေ ဒေါ်စဝ်ကျူး၏ခင်ပွန်း၊ ဦးကိုကိုညီ – ဒေါ်တင်တင်၊ (ဒေါက်တာချန်ဟန်စိန်) – ဒေါ်စိန်စိန်၊ ဦးသာဌေး–ဒေါ်နန်းရင်၊ ဒေါ်ချစ်ချစ်၊ ဒေါ်သန်းသန်း၊ ဦးစိုင်းစံလှတို့၏ဖခင်သည် ၂၁–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၆–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ တောင်ကြီးမြို့ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်တင်စိန်
အသက်(၇၉)နှစ်

ခြံအမှတ် ၄၊ ခွာညိုလမ်း၊ တက္ကသိုလ်ရိပ်မွန်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ဦးညွှန့်မောင်(Upjohn)၏ ဇနီး၊ ဦးမောင်တင့်–ဒေါ်သန်းသန်း(မြိတ်မြို့)၊ ဦးမာဃ (MKTI) – ဒေါ်ညွှန့်ညွှန့်၊ ဦးမောင်မောင်အောင်(MDL) – ဒေါ်သန္တာမျိုး၊ ဒေါ်ခင်ညိုညို(တရားရုံးချုပ်ရှေ့နေ)၊ ဦးသက်ဝင်းတူ(MOFA)–ဒေါ်မြတ်မွန်(Dip School)တို့၏မိခင်၊ ကိုအောင်ကျော်၊ မလေးလေးမွန်၊ မစုစုမွန်၊ မနီနီတင့်၊ မစုခိုင်၊ မနေရည်လင်း၊ မမိုးပွင့်တူ၊ မောင်ဖုန်းမြင့်တူတို့၏အဘွားသည် ၁၉–၆–၂၀၀၄ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးဟန်သိန်း (ရွှေပန်းထိမ်)
(မိုးကုတ်)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ၁၆၇ လမ်း၊ တိုက် ၃၆၊ အခန်း ၉၊ တာမွေကြီး(ခ)ရပ်ကွက်နေ ဒေါ်သန်းနု၏ခင်ပွန်း၊ ကိုလွှမ်းမိုး–မကေသွယ်တို့၏ဖခင်၊ မောင်ဟိန်းထက်၏အဘိုးသည် ၂၀–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၆–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်အေး(ခ)ဖွားအေ့ကြုံး
(မော်လမြိုင်မြို့)
အသက်(၆၁)နှစ်

မော်လမြိုင်မြို့နေ (ဦးစိန်တင်)–ဒေါ်တင်ကြည်(ခ)ဒေါ်ဖွန်တို့၏သမီး၊ရန်ကုန်မြို့၊ အမှတ် ၈၊ ကမ္ဘောဇလမ်း၊ ဗဟန်းမြို့နယ်နေ (ဦးချစ်ဆုံ–ဒေါ်တင်)(ချယ်ရီဖိနပ်ဆိုင်၊ ပန်းချယ်ရီဖိနပ်ဆိုင်၊ဗိုလ်ချုပ်ဈေး)တို့၏သမီးချွေးမ၊ ဦးတင်လှ–ဒေါ်မြင့်မြင့်စီ(ဝင်းကမ္ဘာ ပလတ်စတစ်ဆိုင်၊ မော်လမြိုင်မြို့)၊ဦးသိန်းဝင်း–ဒေါ်ကျင်မေတို့၏အစ်မကြီး၊ ဦးနေစိုး၏ဇနီး၊ မခင်လတ်လတ်ကျော်(ခ)မသောဘီစိုး(B.Sc, Chem:)၊ မခိုင်ဆွေငြိမ်းအေး(ခ)မပုံ့ပုံ့(B.C.Sc, Hons:)၊ မောင်စစ်ပိုင်စိုးတို့၏မိခင်၊ မောင်မျိုးခင်ဇော်၊ မောင်သန့်ဇော်အောင်၊ မောင်ကိုဇင်မင်း၊ မဇင်ဇင်မိုး၊ မဝင်းရွှေရည်၏ကြီးတော်သည် ၂၁–၆–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၇း၄၀ နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၃–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မခင်နှင်းဝေ (ပိုးပိုး)
(ထုတ်လုပ်ရေးဌာန)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက် ၃၊ အခန်း ၂၀ နေ ဦးမောင်စိန်၏တူမ၊ လှိုင်သာယာမြို့နယ်နေ ဦးအောင်သန်း– ဒေါ်အုန်းတင်တို့၏သမီးလေး၊ မတာ၊ မတင်တင်မာ၊ ကိုအပါ၊ ကိုမျိုးမင်းဟိန်း၊ မမိမိစိုး၊ ကိုသိန်းတိုး၊ မလဲ့လဲ့မိုးတို့၏ညီမ၊ မောင်မြတ်မင်းထွေး၏အစ်မသည် ၂၀–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂–၆–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်ခင်တင့် (ညောင်လေးပင်)
အသက်(၇၉)နှစ်

ညောင်လေးပင်မြို့နေ (ဦးထွန်းမြတ်–ဒေါ်စိန်ဥ)တို့၏သမီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ သုမန ၄ လမ်း၊ အမှတ် ၈၆၁နေ(ဦးပါ)၏ဇနီး၊ ဦးတင်မောင် – ဒေါ်ခင်ခင်၊ ဦးတင်အောင်–ဒေါ်ထွေးကြည်၊ (ဦးချစ်သောင်း)–ဒေါ်တင်မြင့်တို့၏အစ်မကြီး၊ ဦးမောင်မောင်–ဒေါ်ကြည်ဌေး၊ ဦးမျိုးဝင်း–ဒေါ်ခင်အေးယီ၊ ဦးအောင်ကြည်စိုး–ဒေါ်ခင်ဝင်း၊ ဦးမြင့်ဆွေ–ဒေါ်ခင်မာရီ၊ ဦးခင်ဝင်း–ဒေါ်ကြည်ကြည်ဝင်း၊ ဦးအောင်ဝင်း–ဒေါ်ညွှန့်ညွှန့်၊ ဦးဇော်ဝင်း၊ ဦးဆန်းဝင်း–ဒေါ်အေးအေးမြင့်တို့၏မိခင်၊ မြေး ၁၅ ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၀–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂–၆–၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာ ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ရေတွင်း၊ရေကန်ဒါယိကာမကြီး
ဒေါ်သိန်းနွဲ့ (ကျိုက်ပိ)
အသက်(၇၈)နှစ်

ကျိုက်ပိမြို့နေ (ဦးစန်းရင်–ဒေါ်အေးမေ)တို့၏သမီး၊ (ဦးဘသန်း–ဒေါ်စော)တို့၏သမီးချွေးမ၊ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ် ၂၂ နေ ပွဲစားကြီးဦးသောင်း၏ဇနီး၊ (ကိုဇော်နိုင်)–မဝင်းဝင်းမာတို့၏မိခင်၊ ဒေါ်ငြိမ်းကြည်၊ ဒေါ်ခင်သန်း၊ ဦးကဝိဇေ၊ ဦးဝင်းဌေး(မြန်မာ့အလင်း၊ ငြိမ်း)–ဒေါ်စန်းရီ(အလက–၁၊ လမ်းမတော်၊ငြိမ်း)၊ ဦးလှစိုး–ဒေါ်ခင်နု(မန်နေဂျာ၊ငွေစုဘဏ်–၃)တို့၏အစ်မကြီး၊ ကိုညာဏ်လင်း–မယဉ်ယဉ်စိုး၊ မအေးအေးမာ၊ ကိုဇော်မင်း၊ ကိုအောင်ဝင်းဟန် (ဘဏ်ခွဲ–၂)တို့၏ကြီးတော်၊ မောင်စောရန်နိုင်၏အဘွားသည် ၂၀–၆–၂၀၀၄ရက် ည ၁၁း၂၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂၂–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသိန်းဟန်
(ဒု–လုံခြုံရေးမှူး၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ ဇေကမ္ဘာကုမ္ပဏီ)
အသက်(၆၂)နှစ်

ရွှေတောင်မြို့၊ (ဦးငွေမောင်–ဒေါ်စိန်တု)တို့၏သား၊ ဝေဘာဂီမြို့သစ်နေ (ဦးထွန်းရီ)–ဒေါ်ချစ်သွင်တို့၏ သားသမက်၊ အမှတ် ၅/၂၄၄၊ သီတာလမ်း၊ ဝေဘာဂီမြို့သစ်နေ ဒေါ်သောင်းသောင်းမြင့်၏ခင်ပွန်း၊ မောင်ပြည်ကျော်ဟန်၊ မဇွန်ဟန်ဖြိုး (စည်ပင်ထုတ်လုပ်ရေးဌာန)တို့၏ဖခင်သည် ၂၀–၆–၂၀၀၄ ရက် (တနင်္ဂနွေနေ့)နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်သက်ခိုင်အောင်(ခ) စည်သူ(ခ)ဖိုးလေး
အသက်(၂၅)နှစ်

ရန်ကုန်မြို့နေ ဦးမြလှိုင်–ဒေါ်ခင်မြမြတို့၏သား၊ မခိုင်ခိုင်၏မောင်၊ မစုမြတ်လှိုင်၏ အစ်ကို၊ မဥမ္မာအောင်၏ခင်ပွန်း၊ မသံသာသက်ခိုင်၏ ဖခင်၊ ဦးတင်ဦးမောင်–ဒေါ်ခင်သန်းလှ၊ ဦးနိုင်ဝင်း၊ ဦးသိန်းဝင်း–ဒေါ်စန်းစန်းအေး၊ ဒေါ်ပုလဲ၊ ဦးလှမင်း၊ ဒေါ်မူမူထွေးတို့၏တူ၊ မချိုချို၊ မောင်ဘိုဘိုသိန်း၊ မောင်တင်ထူးမောင်၊ မောင်ကောင်းမြတ်မောင်၊ မရူပါသိန်းတို့၏ မောင်/အစ်ကို၊ မအိပုံ၊ မဒူးဒူး၊ မအီးအီး၊ မအူဝါးလေးတို့၏ ဦးလေးသည် ၂၁–၆–၂၀၀၄ရက် နံနက် ၂း၃၅နာရီတွင် သျှင်ပါကူဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၃–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မင်္ဂလာတောင်ညွန့်မြို့နယ်၊နှင်းဆီလမ်း၊တိုက်၄၊ အခန်း ၁၅ နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

ပြည်နယ်၊တိုင်းဒေသအသီးသီး မျှမျှတတဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်ပေးလျက်ရှိ ဒေသခံပညာတတ်များတိုးပွားလာမှ ကယားပြည်နယ်ဖွံ့ဖြိုးအောင် ဆောင်ကြဉ်းပေးနိုင်မည် အတွင်းရေးမှူး(၁) ကယားပြည်နယ် လွိုင်ကော်မြို့နှင့်မယ်စဲ့မြို့တို့၌လှည့်လည်စစ်ဆေးမှာကြား

ရန်ကုန် ဇွန် ၂၁

ကယားပြည်နယ် လွိုင်ကော်မြို့၌ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ **စာမျက်နှာ ၆ ကော်လံ ၁** ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နယ်မြေခံတပ်နယ် အစည်းအဝေးခန်းမတွင်ကျင်းပသော ကယားပြည်နယ်အတွင်းရှိ ကားလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ညှိနှိုင်းအစည်းအဝေး၌ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်

ရန်ကုန် ဇွန် ၂၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေကြောင်း သိရသည်။

ဇွန် ၂၂ရက် ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့ အပြားမိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၌ ဒေသအလိုက်နှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီးလှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ ၄၅မိုင်ထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့အစည်းအဝေး ဆက်လက်ကျင်းပ စုံညီအစည်းအဝေးသို့တင်သွင်းမည့် အကြံပြုချက်စာတမ်းများညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇွန် ၂၁

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၈)၌ ဆက်လက်ကျင်းပရာ အစုအဖွဲ့ သဘာပတိ အဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၃ ▼

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေးပွဲကို ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပစဉ်။ (သတင်းစဉ်)

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

ယူရို ၂၀၀၄ အုပ်စုပွဲစဉ်များ သုံးသပ်ချက်

အီတလီက ဘူဂေးရီးယားကို ဂိုးမြှတ်နိုင်ပါမည်လား အဝါရောင်ဆွီဒင်နှင့် ဒိန်းမတ် သရေကျလျှင်ခက်မည်

ကိုထွေး - သုံးသပ်တင်ပြသည်

ရန်ကုန် ဇွန် ၂၁

ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲကြီး အုပ်စုပွဲစဉ်များပြီးဆုံးရန် နီးကပ်လာပြီဖြစ်ရာ ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရသည့်အသင်းအချို့ ပေါ်ထွက်လာပြီဖြစ်သည်။ အိမ်ရှင်ပေါ်တူဂီအသင်း ပွဲဦးထွက်မျက်နှာပန်း မလှဖြစ်ခဲ့သော်လည်း စပိန်ကိုအနိုင်ရကာ အုပ်စုပထမရရှိခဲ့သည်။ ရုရှားအသင်းက ဂရိကို အနိုင်ကစားကာ သိက္ခာဆယ်လိုက်နိုင်သည်။ **စာမျက်နှာ ၁၃ ကော်လံ ၁** ■

Euro 2004 PORTUGAL

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မှတ်သားဖွယ်မိုးရေချိန်

၂၁-၆-၂၀၀၄

မင်္ဂလာဒုံ	၁ ဒသမ ၇၀ လက်မ
ကမ္ဘာအေး	၂ ဒသမ ၅၅ လက်မ
ရန်ကုန်မြို့လယ်	၂ ဒသမ ၇၂ လက်မ
မှော်ဘီ	၃ ဒသမ ၇၀ လက်မ